မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်းထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်၊ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်၊အင်္ဂါနေ့၊ အတွဲ(၄၆)၊ အမှတ် (၂၁၉)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်ရည်းလုံး ညီညွှတ်ရေး
- နိုင်ဗာသည့် ပွဲစည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ပွဲစည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ပွဲပြိုးထိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အပြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ပွံ့ပြိုးထိုးတက်အောင်တည်ဆောက်ရေး
- ရေးကွက်စီးပွားရေးစနစ် ပိုပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ပွံ့ပြိုးထိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်တတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဓာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး သာပေါင်း မြို့နယ် မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၏ စက္ကူနှင့် ပျော့ဖတ်စက်ရုံ(သာပေါင်း)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ခေတ်မီစက္ကူနှင့် ပျော့ဖတ်စက်ရုံ၊ အဆင့်မြင့်စက္ကူစက်ရုံများ ထူထောင်ခြင်းမှာ လိုအပ်သောစက္ကူများ ပြည်ပမှဝယ်ယူသုံးစွဲမနေရဘဲ ပြည်တွင်းဌာပင်ထုတ်လုပ်နိုင်ပြီး မိမိခြေထောက်အပေါ် မိမိရပ်တည်နိုင်ရန်အတွက် မျှော်မှန်းဆောင်ရွက်ခြင်းဖြစ်

နေပြည်တော် နိုဝင်ဘာ ၂၇

ဧရာဝတီတိုင်း၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာအနီးရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၏ စက္ကူနှင့် ပျော့ဖတ်စက်ရုံ(သာပေါင်း)ကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တစ်နေ့တာနဲ့ ၅၀ အဆင့်မြင့် စက္ကူစက်ရုံက ထုတ်လုပ်သွားမည့် စက္ကူနမူနာများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ အာဘော်

(၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၂၈ရက်)

အမျိုးသားရေး ရည်မှန်းချက်ကို မျက်ခြည်မပြတ်စေဘဲ ဦးတည်ချက်များနှင့်အညီ လုပ်ငန်းတာဝန်များ ကြိုးပမ်းထမ်းဆောင်

နိုင်ငံတော်အစိုးရသည် နောင်ဖြစ်ပေါ်လာမည့် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကို တည်ဆောက်ရာ၌ နိုင်ငံတော်၏ အုပ်ချုပ်ရေးစနစ် အခြေခိုင်မာကောင်းမွန်နေစေရန် ပြင်ဆင်ဖွဲ့စည်းမှုများ ပြုလုပ်လျက် ရှိသည်။

ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်နှင့် ပြည်နယ်၊ တိုင်းအဆင့်ရှိ အဆင့်ဆင့်သော အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများကိုလည်း ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်လျက် ရှိသည်။

နိုင်ငံတော်၏ လိုအပ်ချက်အရ အုပ်ချုပ်ရေးအပိုင်း၌ တာဝန်သစ်များကို ပြောင်းလဲထမ်းဆောင်ကြသူများသည် လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်ရန် လိုပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် ညွှန်ကြားချက်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ လုပ်ငန်းဆိုင်ရာမူဝါဒများကို လုပ်ငန်းဆိုင်ရာ လမ်းညွှန်ချက်များအဖြစ်ခံယူ၍ မိမိတို့တာဝန်ယူရသော နယ်မြေဒေသအသီးသီး တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်ရေး၊ စီမံကိန်းများ အောင်မြင်ရေးတို့အတွက် ဦးစီးဦးဆောင်ပြုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

နယ်မြေဒေသအလိုက် အုပ်ချုပ်ရေးတာဝန်များကို ထမ်းဆောင်ရသည့်အချိန်၌ နိုင်ငံတော်ဖွဲ့ဖြိုးတိုးတက်စေရေး၊ ဒေသဖွံ့ဖြိုးတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုတိုးတက်စေရေး၊ သီးနှံအလိုက် သတ်မှတ်ပေးထားသော ပန်းတိုင် အထွက်နှုန်းများအတိုင်း သီးနှံများ တိုးတက်ထွက်ရှိစေရေး၊ အလေအလွင့် အနည်းဆုံးဖြစ်စေရေး၊ အမယ်သစ်သီးနှံများ တိုးချဲ့စိုက်ပျိုးပြီး ပို့ကုန်အမယ်သစ်များ ထွက်ပေါ်လာစေရေး၊ ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရေး ကြိုးပမ်းသွားကြရမည်ဖြစ်သည်။

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ ဟန်ချက်ညီညီ လက်တွဲပူးပေါင်း လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသဖြင့် ယနေ့ နိုင်ငံတော်၏ အခြေအနေအရပ်ရပ်သည် ၁၉၈၈ခုနှစ် အခြေအနေနှင့်မတူတော့ဘဲ ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံတွင် လက်တွေ့မျက်မြင် ပြောင်းလဲတိုးတက်ခဲ့ပြီးဖြစ်သည်။

ထို့ကြောင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်အနေဖြင့် နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်ကို မျက်ခြည်မပြတ်စေဘဲ ချမှတ်ပေးထားသော ဦးတည်ချက် (၁၂)ရပ်နှင့်အညီ လုပ်ငန်းတာဝန်များကို ကြိုးပမ်းထမ်းဆောင်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဗုဒ္ဓမြတ်စွာ၏ ဒေသနာကျမ်းဂန်တော်လာ (ဂိဟိဝိနယဆုံးမစာ = လူတို့ကို ဆုံးမကြောင်းတရား လူ့ကျင့်ဝတ်)

ဥစ္စာပျက်ကြောင်း တရား(၆)ပါး

- အရက်သေစာ သောက်စားမှုးယစ်ခြင်း။ (အခါမဲ့ အကြောင်းခြင်းရာမရှိင်လုံဘဲ) ညအခါ အလေအလွင့် ခရီးသွားလာခြင်း။
- အလွန်အကျွံပွဲလမ်းသဘင် (ကာရာအိုကေ အပါအဝင်)ပျော်ပါးလိုက်စားခြင်း။
- အလောင်းအစား (ချ၊ နှစ်လုံးတိုက်အပါအဝင်) ဝါသနာ အလွန်အကြူးခုံမင်ပြုလုပ်ခြင်း။
- မကောင်းသောမိတ်ဖျင်း၊ ဆွေဖျင်းများကို မိတ်ဆွေကောင်းသဖွယ် ပေါင်းသင်းဆက်ဆံ နေထိုင်ခြင်း။
- မိမိတာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်လိုစိတ် မရှိသည့်အပြင် ပျင်းရိခြင်းကို ခုံမင်မက်မော အရသာခံတတ်ခြင်း။

ဥစ္စာပျက်ကြောင်းတရား(၆)ပါးကို ဆရာတော် ဦးပုဓိက မှတ်သားရလွယ်ကူစေရန် လက်ဘဲ့ စပ်ဆိုခဲ့သည်မှာ-

"သေစာသောက်စား၊ လမ်းသွားခါမဲ့၊ ရှင့်သဘင်၊ ပျော်ရွှင်အန်လောင်း။
မကောင်းမိတ်ဖျင်း၊ ပျင်းရိခြင်းကား၊ ယိုယွင်းဥစ္စာ ပျက်ကြောင်းတည်း"

အထက်ဖော်ပြပါ အကြောင်းတရား (၆)ပါးတို့သည် လူတစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ မိသားတစ်စုအနေဖြင့်သော်လည်းကောင်း၊ နိုင်ငံတစ်နိုင်ငံအနေဖြင့်သော်လည်းကောင်း စီးပွားဥစ္စာ ပျက်စီးဆုတ်ယုတ်ခြင်းအကြောင်းများပင် ဖြစ်ပါသည်။

အထက်ဖော်ပြပါ လူသိမ်၊ လူဖျင်း၊ လူညံ့များပေါများရာဒေသသည် ကြီးပွားလမ်းမမြင်သည့် မနေအပ်သော ပစ္စန္တရစ်အရပ်ပင် ဖြစ်ပါသည်။ ။

(သာသနာရေး)

မြဝတီရုပ်မြင်သံကြား

၂၈-၁၁-၂၀၀၆
(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မြန်မာပြည်တစ်ဝန်း ရောင်ရံမှတ်တမ်း
၇:၃၀	၄။ မြန်မာသံစဉ် ချိန်ခွားဝင်
၇:၄၀	၅။ သာယာသီကြေး ခေတ်ဆန်းတေး
၇:၄၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီး ဗြိုင်ပွဲအစီအစဉ်
၇:၅၀	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်ရွမ်းပြဟန် ဂီတသံ
၄:၁၅	၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီး ဗြိုင်ပွဲအစီအစဉ်
၄:၅၅	၆။ မျိုးချစ်တပ်မတော်
၅:၂၅	၇။ ပညာခေတ်
၅:၄၀	၈။ သာယာသီကြေး ခေတ်ဆန်းတေး
၆:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။ နိုင်ငံတကာသတင်း
၆:၂၀	၁၁။ မိုးလေဝသသတင်း
၆:၃၀	၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၃။ လျှပ်တစ်ပြက်
၇:၀၀	၁၄။ ရသစုလင်ရုပ်မြင်စာတ်လမ်း **"လျှို့ဝှက်ချက်"** (အပိုင်း-၃၇)
၈:၀၀	၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၈။ ရသစုလင်ရုပ်မြင်စာတ်လမ်း **"ဘက်မတူတဲ့ တက်လူ"** (အပိုင်း-၂၃)

လွတ်လပ်စွာကုန်သွယ်ရေး သဘောတူစာချုပ် တရုတ်နှင့် ပါကစ္စတန် လက်မှတ်ရေးထိုး

အစ္စလမ္မာဘတ် နိုဝင်ဘာ ၂၇

နစ်နိုင်ငံကုန်သွယ်ရေးပမာဏကို ၀၊နှစ်အတွင်း လက်ရှိထက် သုံးဆတိုးကာ အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံဖိုးအထိ တိုးမြှင့်ရန် ရည်ရွယ်လျက် တရုတ်နှင့် ပါကစ္စတန်တို့သည် လွတ်လပ်စွာကုန်သွယ်ရေး သဘောတူ စာချုပ်ကို နိုဝင်ဘာ၂၉ရက်က လက်မှတ်ရေးထိုးလိုက်ကြသည်။

အကောင်အထည်ဖော်

ထိုသဘောတူစာချုပ်အရ ထုတ်ကုန်အားလုံးအပေါ် အခွန်အတုတ်များကို ၂၀၀၇ခုနှစ် ဇူလိုင်၁ရက်မှစ၍ အဆင့်နှစ်ဆင့်ဖြင့် လျှော့ချခြင်း သို့မဟုတ် ဖယ်ရှားခြင်းတို့ကို နှစ်နိုင်ငံ စတင်အကောင်အထည်ဖော်ကြရမည် ဖြစ်သည်။

စာချုပ်တွင်အကျုံးဝင်

ထို့ပြင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် အကာအကွယ်ပေးရေး၊ ရင်းနှီးမြှုပ်နှံမှု၊ သမိုင်းယူမှု၊ ဆုံးရှုံးနစ်နာမှုများအတွက် လျော်ကြေးပေးမှုဆိုင်ရာ ကိုင်တွယ်ဖြေရှင်းရေးနှင့်တကွ ဝါဏိဇ္ဇ ပဋိပက္ခဖြေရှင်းရေးအပါအဝင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စအဝဝလည်း ထိုသဘောတူစာချုပ်တွင် အကျုံးဝင်သည်။

နစ်နိုင်ငံကုန်သွယ်ရေး ပမာဏမှာ ၂၀၀၅ခုနှစ်တွင် ဒေါ်လာ ၄ ဒသမ ၃ဘီလီယံဖိုးမျှကသာ ရှိသည်။ ယမန်နှစ်ကထက် ၃၉ရာခိုင်နှုန်းတိုးတက်များပြားကြောင်း တွေ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

မလေးရှားနိုင်ငံ၏ ဂျီဒီပီ ၅ဒသမ ၈ရာခိုင်နှုန်း တိုးတက်ခဲ့

ကွာလာလမ်ပူ နိုဝင်ဘာ ၂၇

မလေးရှားနိုင်ငံ၏ စီးပွားရေးသည် ယခုနှစ်တတိယသုံးလတာ ကာလတွင် ဂျီဒီပီတိုးတက်မှုနှုန်းမှာ ၅ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ကြောင်း မလေးရှားအစိုးရအရာရှိတစ်ဦးက နိုဝင်ဘာ ၂၃ ရက်၌ ပြောကြားသည်။

ထိုကြောင့်လာမည့် စတုတ္ထသုံးလတာကာလတွင်လည်း ဂျီဒီပီတိုးတက်နှုန်း မြင့်မားမည်ဖြစ်ရာ ၆ ရာခိုင်နှုန်း အထိရရှိမည်ဟု ခန့်မှန်းထားကြောင်းလည်း မလေးရှား ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး ဘင့်ခ်ဓီတီ အက်စ်တာအစေ်က ပြောကြားသည်။

တိုးတက်မှုနှုန်း

မလေးရှားနိုင်ငံအနေဖြင့် ယခုနှစ်တစ်နှစ်လုံးတွင် ဂျီဒီပီတိုးတက်မှုနှုန်းမှာ ပျမ်းမျှ ၅ ဒသမ ၈ ရာခိုင်နှုန်းရှိမည်ဟု လည်းထင်ကဆက်လက်ပြောကြားသည်။

တွန်းအားပေး

စတုတ္ထ သုံးလတာကာလအတွင်း ဂျီဒီပီတိုးတက်မှုကောင်းမွန်ရန် ပုဂ္ဂလိက နှင့် ပြည်သူ့မဝယ်ယူလိုအား ကောင်းရန် တွန်းအားပေးရမည်ဖြစ်ကြောင်းလည်း ဓီတီက ပြောကြားသည်။

ဂျီဒီပီ တိုးတက်ရေးအတွက် ဝန်ဆောင်မှု၊ ကုန်ပစ္စည်း ထုတ်လုပ်မှုနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍများ အဓိကကျကြောင်းလည်း ထင်းကဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

■ ရှေ့ဖုံးမှ

ရှင်းလင်းတင်ပြ

ရေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား စက်ရုံရှင်းလင်းဆောင်ရွက် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက စက္ကူနှင့်ပျော့ဖတ်စက်ရုံ(သာပေါင်း)သည် တစ်နေ့တန် ၂၀၀ ပျော့ဖတ်စက်ရုံ ဖြစ်ပါကြောင်း၊ စက်ရုံကို ၂၀၀၅ ခုနှစ် မေ ၁၄ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ အရောင်ချွတ်ပြီး ပျော့ဖတ်တစ်နေ့တန် ၂၀၀ ထုတ်လုပ်နိုင်ရေး အတွက် ကုန်ကြမ်းအဖြစ် ဝါး၊ နေလုန်းဆားနှင့် ထုံးကျောက်တို့ကို အဓိက သုံးစွဲရပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်က တစ်နေ့တန် ၂၀၀ စက္ကူနှင့်ပျော့ဖတ်စက်ရုံ(သာပေါင်း)၏ ကုန်ထုတ်လုပ်ငန်းအဆင့်ဆင့် အခြေအနေများ၊ စက်ရုံအတွက် သဘာဝဓာတ်ငွေ့ လိုအပ်ချက်နှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းနေမှု အခြေအနေများ၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက်နှင့် လျှပ်စစ်ဓာတ်အားရရှိမှုများ၊ ဝါးကုန်ကြမ်း ရရှိရေး ဆောင်ရွက်ချက်များ၊ ဝါးတောဧရိယာများ၌ ကုန်ထုတ် လမ်းဖောက်လုပ်နေမှုများကို ရှင်းလင်းတင်ပြပြီး တစ်နေ့တန် ၅၀ အဆင့်မြင့် စက္ကူစက်ရုံ တည်ဆောက်နေမှုများ၊ တစ်နေ့တန် ၆၀ သတင်းစာစက္ကူစက်ရုံ စီမံကိန်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်း ရှင်းလင်းတင်ပြသည်။

စက်ရုံ၏ အဓိကကုန်ကြမ်း ပစ္စည်းများ လွယ်လင့်တကူ သယ်ယူ စုဆောင်းနိုင်ရေး၊ ဝါးစိုက်ခင်းနှင့် သစ်စိုက်ခင်းများ စိုက်ပျိုး။

မျှော်မှန်းဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မှာကြားရာတွင် ယခုကဲ့သို့ ခေတ်မီစက္ကူနှင့် ပျော့ဖတ်စက်ရုံ၊ အဆင့်မြင့်စက္ကူ စက်ရုံနှင့် သတင်းစာစက္ကူစက်ရုံများကို ထူထောင်ခြင်းမှာ တိုင်းပြည်အတွက် လိုအပ်သောစက္ကူများကို နောင်၌ပြည်ပမှဝယ်ယူသုံးစွဲမနေရဘဲ ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်ပြီး မိမိခြေထောက်အပေါ် မိမိရပ်တည်နိုင်ရန်အတွက် မျှော်မှန်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

ထို့အပြင်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ထွက်လာရေး၊ စက္ကူထုတ်လုပ်သည့်နည်းပညာရရှိရေး စသည့်အကြောင်းများ လည်းပါဝင်ကြောင်း ရှင်းလင်းမှာကြားပြီး စက်ရုံ၏အဓိကကုန်ကြမ်းပစ္စည်းများ လွယ်လင့်တကူသယ်ယူစုဆောင်းနိုင်ရေး၊ ဝါးစိုက်ခင်းနှင့် သစ်စိုက်ခင်းများ စိုက်ပျိုးရေးကိစ္စများကို ဆွေးနွေးမှာကြားသည်။

သစ်သီးခြင်းလက်ဆောင်ပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဆင့်မြင့်စက္ကူ စက်ရုံစက်တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Metallurgical Construction(Group)Corporation မှ Project Director Mr. Ruan Yiအား သစ်သီးခြင်းလက်ဆောင်ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စက္ကူနှင့် ပျော့ဖတ်စက်ရုံ(သာပေါင်း)ကို လုပ်ညှလည်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဦးအောင်သောင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

လက်ဆောင် ပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အဆင့်မြင့်စက္ကူစက်ရုံ စက်တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Metallurgical Construction(Group)Corporation **မှ Project Director Mr. Ruan Yi အား သစ်သီးခြင်းလက်ဆောင်ပေးအပ်စဉ်။**

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စက်ရုံက ထုတ်လုပ်ထားသည့် ပျော့ဖတ်နမူနာများနှင့် စနစ်တကျထုပ်ပိုးထားမှုများ၊ ပြည်သူ့တင်ပို့ရန် စီစဉ်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ကုန်ကြမ်းပစ္စည်းများဖြစ်သည့် ထုံးကျောက်နှင့် ဝါးစုဆောင်း ထားမှုများကိုလည်းကောင်း၊ ဝေန်ဖြစ်မှတစ်ဆင့် ရောက်ရှိလာသည့်ဝါးများအား စက်ရုံသို့ပို့ရန်ဆောင်ရွက်နေမှုများကိုလည်းကောင်း လုပ်ညှလည်ကြည့်ရှုစစ်ဆေး ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် တစ်နေ့တန် ၅၀ အဆင့်မြင့် စက္ကူစက်ရုံ၏ ကုန်ကြမ်းပစ္စည်းကိုရှိယာများ တပ်ဆင်ပြီးစီးမှုအခြေအနေများကို လိုက်လုံးကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် တစ်နေ့တန် ၅၀ အဆင့်မြင့်စက္ကူစက်ရုံက ထုတ်လုပ်သွားမည့် ကြေကျောင်စက္ကူ နစ်ဖက်ချော အဆင့်မြင့်စက္ကူပါး၊ ကွန်ယျုတာသုံး Laserပုံနှိပ်စက္ကူ၊ မိတ္တူကူးစက်သုံးစက္ကူ၊ မြန်နှုန်းမြင့်ပုံနှိပ်စက်သုံးစက္ကူနမူနာများကို ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၈-၁၁-၂၀၀၆ ရက် (အင်္ဂါနေ့) နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကုန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓေမဟာရဋ္ဌဂုရု အဘိအေဂုမဟာ သဒ္ဓမ္မ ဓောတိက တိပိဋကရေ ဓမ္မာဘွာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တ သာရာဘိဝံသ၏ ပရိတ်တရားတော်

၇:၂၅ ၂။ ကျွန်းမာပွင့် အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး

၇:၅၅ ၅။ ကရုဏာမန်းဥယျာဉ်

၈:၁၀ ၆။ အတီးပြိုင်ပွဲ

၈:၂၀ ၇။ နောင်ခေတ်တေးပဒေသာ

၈:၃၀ ၈။ International News

၈:၄၅ ၉။ Let'sGo

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး

၁၆:၁၅ ၂။ ဗျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(သတ္တဟေ အထူးပြု) [သတ္တဟေ]

၁۶:၄၅ ၄။ ပြည်ဆောင်စုတိုင်းရင်းသား ရိုးရာအက

၁۷:၀၀ ၅။ **"မှုလျှင်မမောင်းနဲ့ မောင်းလျှင်မမှုးနဲ့"** လှမင်း၊ သူသူဟ်သာ၊ အိမ်ဦးမိ (ဒါရိုက်တာ-သက်တင်)

၁۷:၁၅ ၆။ ဆိုကြမယ် ပျော်ကြမယ်

၁۷:၃၀ ၇။ တစ်လပ်ခန့်လိမ်ယွလိမ်ရှပ်ခန့်သော ပါတီနိုင်ငံရေးစာနှိ(အပိုင်း-၁)

၁۸:၀၀ ၈။ ညခေခင်းသတင်း

၁۸:၃၀ ၉။ မိုးလေလသအခြေအနေ

၁۸:၃၅ ၁၀။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"တောတွင်းသားပေါ်လေး"** (အပိုင်း-၃၀)

၁۹:၁၅ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ

၁۹:၁۵ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ခြင်းနှင်အတူ"** (အပိုင်း-၂၂)

၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း

၁۹။ နိုင်ငံတကာသတင်းများ

၁۹။ မိုးလေလသအခြေအနေ

၁۶။ နိုင်ငံခြားဇာတ်လမ်းတွဲ **"တကယ်သဘောကျတယ်"** (အပိုင်း-၄)

၁۷။ နောက်တစ်နေ့အစီအစဉ်

၁۸။ အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၁၁-၂၀၀۶ (အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	ရုပ်ရှင်ပုံရိပ်ဟောင်းများ ရှင်သန်ရာ ရှုပ်ရှင်သမိုင်းပြတိုက်မှာ
၇:၁၅	တေးဂီတအစီအစဉ်
၇:၂၀	Sunday Talk
၈:၁၅	တေးဂီတအစီအစဉ်
၈:၂၀	အာဟာရနှင့်ကျန်းမာရေး (သတ္တုဓာတ်နှင့် ဗီတာမင်များအကြောင်း) (ဒေါက်တာအေးကျော်)
၈:၅၅	ပြည်တွင်းသတင်းအကျဉ်း
၉:၀၅	Yangon Panorama (Ginsomin Successful Couple's Award)
၉:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၃၅	မှတ်သားလေလေပြတိုက် ခင်းကျင်းမှုပညာ
၉:၄၅	နိုင်ငံတကာအနုပညာရေးရာ
၁၀:၁၀	ဖက်ရင်ကျကျ ဒီနိုင်းလှလှ (အပိုင်း-၁)
၁၀:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅	မိုးလေဝသခန့်မှန်းချက်
၁၀:۶၀	Basic Computer Learning for Beginner (Vol;4)
၁၁:၀၀	တေးဂီတအစီအစဉ်
၁၁:၀۶	ပြည်တွင်းသတင်းအကျဉ်း
၁၁:၁۶	မြန်မာမှုအနလက်ရာပန်းပု (အပေါင်း) ပညာ
၁၁:၃၀	တေးဂီတအစီအစဉ်
၁၁:၃۶	နိုင်ငံတကာသတင်းအကျဉ်း
၁၁:۶၀	မကြေမပြီး မတီးမမြည် (နေရဲလင်း၊ မိုးဇော်၊ မောင်မောင်မြင့်၊ ရင်ပုန်းသိမ့် ချယ်၊ နိုင်ဆူသွယ်)
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါဇယားရှိစာ အစီအစဉ်များကို ညနေ၃၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

● ကျောက်ဖုံးမှ

ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အသပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမား ကိုယ်စားလှယ်များ၊ နိုင်ငံဝန်ထမ်းကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရဒုအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ နိုင်ငံဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြား

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဝင်ဦး မျိုး သန့်(မောင်ဆုရှင်) အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဆောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများ ဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီ အမျိုးသားဒီမိုကရက်တစ်ပါတီ (KNDP) (နေ၊)အဖွဲ့၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) (ဟိုယာ)၊ ကရင်နီ အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ(ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး(DKBA)၊ ဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့် ဦးမဲ့ချမ်းရေးလဲလှယ်ခဲ့ကြသည့် ကရင် ပြည်နယ် ဘားအံမြို့နယ် ဦးမဲ့ချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်ပြည်နယ်အဖွဲ့)၊ ရခိုင်တပ်မတော် (AA)အဖွဲ့၊ ဟိုမိန်းဒေသဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ ရွှေပြည်အေ: (MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မှန်လက်နက် ကိုင်ငြိမ်းချမ်းရေးအဖွဲ့ (ဧရာဝတီဒေသ) နှင့် မှန်နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ နံနက် ၇နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဝိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံဝန်ထမ်းကိုယ်စားလှယ်များ၊ အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမ တို့၌ အမျိုးသားညီလာခံ စုံညီအစည်း အဝေးသို့တက်ရောက်ကြောင်း မှတ်တမ်း စာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံ စုံညီအစည်း အဝေးတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်း ကော်မတီဝင် ဦးမျိုးသန့်(မောင်ဆုရှင်)က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစောဇီးလစ်(၆၀)၊ ဦးဇီးလစ်ဆမ်၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်ကြီး၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ဓေါ်) ဦးလှမြင့်၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကံညွန့်၊ အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်ဝင်းထွန်း၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာမောင်မောင်ဝင့်၊ နိုင်ငံဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးတင်ဓ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဒေါက်တာမန နှင်တူးဂျာတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူး

အမျိုးသားညီလာခံ စုံညီအစည်း အဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်း ကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်း အဝေး) ဦးသန်းအောင်ကဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၀ ရှိပြီး ညီလာခံကိုယ်စားလှယ် ၁၀၆၆ ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ဒသမ ၇၀ ရှိ၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်း အဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး သန်းရွှေ(ဗဟိုဌာနချုပ်) ကတင်ပြသော ကိုယ်စားလှယ်ခန့်အပ်ခြင်းဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာ ကိုဖတ်ကြားပြီးနောက် ကိုယ်စားလှယ်ခန့်အပ်ခြင်းခံရသူ ဦးဝင်းမြင့်(ရခိုင်ပြည်နယ်)၊ ဦးကျော်ဝင်းထွန်း(ကချင်ပြည်နယ်)၊ ဦးမောင်ကြီး(ရှမ်းပြည်နယ်)၊ ဦးမောင်ကြီ(ကရင်ပြည်နယ်)၊ ဦးမောင်ကြီ(ချင်းပြည်နယ်)၊ ဦးမောင်ကြီ(ကယားပြည်နယ်)၊ ဦးမောင်ကြီ(ပဲခူး)၊ ဦးမောင်ကြီ(ဧရာဝတီ)၊ ဦးမောင်ကြီ(ရန်ကုန်)၊ ဦးမောင်ကြီ(ဗဟိုဌာနချုပ်)ကို ကိုယ်စားလှယ်ခန့်အပ်ခြင်းခံရသူ ဦးမျိုးသန့်(မောင်ဆုရှင်)ကို ကိုယ်စားလှယ်ခန့်အပ်ခြင်းခံရသူ ဦးဝင်းမြင့်(ရခိုင်ပြည်နယ်)ကို ကိုယ်စားလှယ်ခန့်အပ်ခြင်းခံရသူ ဦးကျော်ဝင်းထွန်း(ကချင်ပြည်နယ်)ကို ကိုယ်စားလှယ်ခန့်အပ်ခြင်းခံရသူ ဦးမောင်ကြီ(ကယားပြည်နယ်)ကို ကိုယ်စားလှယ်ခန့်အပ်ခြင်းခံရသူ ဦးမောင်ကြီ(ချင်းပြည်နယ်)ကို ကိုယ်စားလှယ်ခန့်အပ်ခြင်းခံရသူ ဦးမောင်ကြီ(ကရင်ပြည်နယ်)ကို ကိုယ်စားလှယ်ခန့်အပ်ခြင်းခံရသူ ဦးမောင်ကြီ(ရန်ကုန်)ကို ကိုယ်စားလှယ်ခန့်အပ်ခြင်းခံရသူ ဦးမောင်ကြီ(ဗဟိုဌာနချုပ်)ကို ကိုယ်စားလှယ်ခန့်အပ်ခြင်းခံရသူ ဦးမျိုးသန့်(မောင်ဆုရှင်)ကို ကိုယ်စားလှယ်ခန့်အပ်ခြင်းခံရသူ ဦးကျော်ဝင်းထွန်း(ကချင်ပြည်နယ်)ကို ကိုယ်စားလှယ်ခန့်အပ်ခြင်းခံရသူ ဦးမောင်ကြီ(ကယားပြည်နယ်)ကို ကိုယ်စားလှယ်ခန့်အပ်ခြင်းခံရသူ ဦးမောင်ကြီ(ချင်းပြည်နယ်)ကို ကိုယ်စားလှယ်ခန့်အပ်ခြင်းခံရသူ ဦးမောင်ကြီ(ကရင်ပြည်နယ်)ကို ကိုယ်စားလှယ်ခန့်အပ်ခြင်းခံရသူ ဦးမောင်ကြီ(ရန်ကုန်)ကို ကိုယ်စားလှယ်ခန့်အပ်ခြင်းခံရသူ ဦးမောင်ကြီ(ဗဟိုဌာနချုပ်)ကို ကိုယ်စားလှယ်ခန့်အပ်ခြင်းခံရသူ ဦးမျိုးသန့်(မောင်ဆုရှင်)ကို အမှာစကားပြောကြားသည်။

ဖတ်ကြားတင်ပြ

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်း အခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၏ အကြံပြုချက်စာတမ်းကို တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရီက ဖတ်ကြားတင်ပြသည်။

(တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရီ ဖတ်ကြားတင်ပြသည့် အကြံပြုချက်စာတမ်းကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ ပြည်ထောင်စုပဋိညာဉ် အမျိုးသားအဖွဲ့ချုပ်၏ အကြံပြုချက်စာတမ်းကို ပြည်ထောင်စု ပဋိညာဉ်အမျိုးသားအဖွဲ့ချုပ်မှ ဦးခွန်မောင်တုတ်က ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ခေတ္တရပ်နားသည်။

(ပြည်ထောင်စု ပဋိပိုင်းအမျိုးသားအဖွဲ့ချုပ်မှ ဦးခွန်မောင်တုတ် ဖတ်ကြားတင်ပြသည့် အကြံပြုချက်စာတမ်းများကို ဆက်လက်ဖော်ပြသွားပါမည်။)

ထို့နောက် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်း

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

အခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစု

ပြုချက်စာတမ်းများကို ဆက်လက်ဖော်ပြသွားပါမည်။)

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် ရပ်သိမ်းလိုက်သည်။

အမျိုးသားညီလာခံ စုံညီအစည်း အဝေးကို နိုဝင်ဘာ ၂၈ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မိုးကုတ်ဒေသသနာအမွှေ့ချုပ် ဝါပ ၁၀ ရက်တရားစခန်းမှဲ

ရန်ကုန် နိုဝင်ဘာ ၂၇

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၈၂) နတ်မောက်လမ်းရှိ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၌ တစ်လနစ်ကြွေမ်ကျင်းပအပ်သော ၁၀ ရက် တရားစခန်းပွဲကို ဒီဇင်ဘာ ဒုတိယပတ်တွင် ဒီဇင်ဘာ ၂၀ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီးကို ကမ္မဋ္ဌာနာစရိယအဖြစ် လေးထောင့်ကန်ဆရာတော် ဘဒ္ဒန္တ ဩဘာသက ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဥာဏ်ရောက် ပဋ္ဌိစ္စသမုဗ္ဗာဒနှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက ဖုန်း-၅၄၁ဝ၈ဝ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ဝ)**

အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာရေး အားထုတ်ကြိုးပမ်းဆောင်ရွက်



* ကျောထုံးမှ

ကြိုးပမ်း တည်ဆောက်လျက်ရှိရာမှာ ယခုဆိုလျှင် အောင်မြင်ဖြစ်ထွန်းမှု အကျိုးရလဒ်ကောင်းများစွာ အကောင်အထည်ပေါ်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ပြန်လည်ဆန်းစစ်

ယင်းသို့ အောင်မြင်ဖြစ်ထွန်းမှု အရှိန်အဟုန်ကောင်းမွန်နေသည့် အခြေအနေ အချိန်အခါသင့်ခိုက်တွင် နိုင်ငံစီမံခန့်ခွဲမှုယန္တ ရား၊ ဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ နိုင်ငံဝန်ထမ်းကျင့်ဝတ် တို့နှင့်ညီညွတ်ပြီး ပြည်သူများအပေါ် ကူညီစောင့်ရှောက်ပေးနိုင်မည့် မှန်ကန်သော စီမံခန့်ခွဲမှုစနစ်တို့ ပီဝိပြင်ပြင် ဖြစ်ပေါ်လာစေရေးအတွက် အလေးထား ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ပညာရေးကဏ္ဍအနေဖြင့် ကြည့်မည်ဆိုလျှင် အနာဂတ်ကိုမျှော်မှန်းသည့် ပညာရေးစနစ်ပြုပြင်ပြောင်းလဲမှုများ၊ စေရန်နှင့် ပြည်သူအများ၏ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် အထူးအလေးထား ဆောင်ရွက်ပေးခဲ့ကြောင်း။

ပြောင်းလဲတည်ဆောက်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခုစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း များ အားလုံးမှာ ယင်းအခြေခံအချက်များကို အဓိကထား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ယင်းသို့ ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို တစ်နိုင်ငံလုံး ဖြန့်ကြက်တည်ဆောက်ပေးရင်း ပညာရေးစနစ်တစ်ရပ်လုံးကိုလည်း အနာဂတ်ကို မျှော်မှန်းသည့် ပညာရေးစနစ်သစ် ဖြစ်လာစေရန် အခြေခံက စပြီး ပြောင်းလဲ တည်ဆောက်ပေးခဲ့ကြောင်း။

အခြေခံကောင်းများဖြစ်ထွန်း

ပညာရေး လောကက ဆရာ ဆရာမကြီးများ၊ ပညာရှင်များ၊ ပညာရေးစီမံခန့်ခွဲသူများ ပေါင်းစည်းပါဝင်သည့် ပညာရေးဆိုင်ရာ နီးနောဖလှယ်ပွဲများ နှစ်စဉ် ကျင်းပပြီး အမျိုးသား ပညာရည်မြင့်မားရေး စီမံကိန်းအဆင့်ဆင့်ကို ရေးဆွဲချမှတ်အကောင်အထည်ဖော်ရင်း လိုအပ်သည်များ ပြန်လည်လေးသောင်း၀၊၁ရာကျော်တွင် ဆရာ ဆရာမ နှစ်သိန်း၀၊၁သောင်းကျော်က နေ ကျောင်းသူကျောင်းသား ခုနှစ်သန်း ရှစ်သိန်းကျော်ကို ပညာသင်ကြားပေးနိုင်လျက်ရှိနေပြီဖြစ်ကြောင်း။

ယနေ့ အခြေခံပညာကဏ္ဍမှာ အဆင့်မြင့်ပညာကဏ္ဍနှင့် အလိုက်သင့် ချိတ်ဆက်သင်ယူနိုင်စေမည့် အဆင့်မြင့် သင်ရိုးညွှန်းတမ်းများ၊ ခေတ်မီ ဓာတ်ခွဲခန်းများ၊ အီလက်ထရွန်နစ် သင်ထောက်ကူစာသင်ခန်းများနှင့် ပြည့်စုံနေပြီဖြစ်သည့် ပညာရေးစနစ်သစ်အတွင်းမှာ ကျောင်းသူ ကျောင်းသားများကို စနစ်တကျ လေ့ကျင့်သင်ကြားပေးနိုင်နေပြီ ဖြစ်ကြောင်း။

တိုးတက်မြင့်မား

ထိုအပြင် ဆရာ အတတ်ပညာ အရည်အသွေး ပြည်ဝမြင့်မားရေး၊ တတ်သိကျွမ်းကျင်သည့် ဘာသာရပ်အလိုက် အရည်အသွေးပြည့်ဝသည့် ဆရာများဖြင့် သင်ကြားနိုင်ရေးတို့ကို အလေးထားစီမံဆောင်ရွက်ပေးလျက် ရှိသည့်အတွက် ပညာရေးကဏ္ဍတစ်ရပ်လုံးအဘက်ဘက်က အဆင့်အတန်း တိုးတက်မြင့်မားလာခဲ့ပြီ ဖြစ်ကြောင်း။

ထို့ကြောင့် ယင်းအခြေခံကောင်း၊ အရည်အသွေးကောင်းများကို အကျိုးရှိထိရောက်စွာ အသုံးပြုပြီး အခြေခံပညာ အရည်အသွေး မြင့်မားရေး၊ အခြေခံပညာကဏ္ဍ၏ ရည်မှန်းချက်များ ပြည့်မြောက်အောင်မြင်စေရေးတို့အတွက် ဆရာ ဆရာမများ အားလုံးက ဝိုင်းဝန်းအားထုတ် ကြိုးပမ်းသွားရမည့် အချိန်အခါကို ရောက်ရှိနေပြီလည်းဖြစ်ကြောင်း။

မွေးထုတ်ပေး

ယနေ့ အချိန်အခါကဲ့သို့ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် မိမိနိုင်ငံ မိမိတည်ဆောက်နေသည့် အချိန်ကာလမှာ ဝိဇ္ဇာ၊ သိပ္ပံနှင့်နည်းပညာ စွမ်းအားများ ပြည့်ဝခိုင်မာစေရန် ဝိဇ္ဇာ၊ သိပ္ပံပညာရှင်များ၊ ဆရာဝန်များ၊ အင်ဂျင်နီယာများ၊ ဗိသုကာပညာရှင်များ ပေါ်ထွန်းလာစေရန် နိုင်ငံတကာမှာ တိုးတက်ပြောင်းလဲနေသည့် သိပ္ပံနှင့် နည်းပညာရပ်များကို အချိန်နှင့် တစ်ပြေးညီရယူအသုံးပြုနိုင်သည့် ပညာရှင်များ နယ်ပယ်ခဲ့ ကဏ္ဍစုံ ဒေသစုံမှာ မွေးထုတ်ပေးနိုင်စေရန် လိုအပ်လျက်ရှိကြောင်း။

အဆင့်ဆင့်တက်လှမ်း

ယင်းမျှော်မှန်းချက်များ ပြည့်မြောက်စေဖို့ဆိုရာတွင် အခြေခံပညာ အရည်အသွေး မြင့်မားခိုင်ခဲ့မှု၊ ကျေးလက်ဒေသများအထိ ပညာရေးထွန်းကားမှုအခြေခံကောင်းများနှင့် ပြည့်စုံ

စာမျက်နှာ ၆ ကော်လံ ၁

အမှာစကားပြောကြား

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆၀) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

တော်စီမံခန့်ခွဲမှု ယန္တ ရားဖြစ်သည့် အစိုးရဌာနဆိုင်ရာများအတွင်း ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ စနစ်ကျနသည့် စီမံခန့်ခွဲမှုပုံသဏ္ဌာန်၊ အနှစ်သာရတို့နှင့် ပြည့်စုံစေရအောင် နိုင်ငံ့ဝန်ထမ်း အသီးသီး၏ အရည်အသွေး၊ ကျင့်ဝတ်၊ ကျင့်စဉ်၊ စိတ်ဓာတ်နှင့် လုပ်ငန်း ဆောင်ရွက်မှု နည်းစနစ်တို့ကို ပြန်လည်ဆန်းစစ် လေ့ကျင့်ပျိုးထောင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရ ဌာနဆိုင်ရာ အချို့ကို ခေတ်စနစ်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းမှုများ၊ နိုင်ငံ့ဝန်ထမ်းများကို စီမံခန့်ခွဲမှု အရည်အသွေးမြှင့်တင်ရေး အထူးမွမ်းမံသင်တန်းများဖြင့် လေ့ကျင့်ပျိုးထောင်ပေးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် အများပြည်သူနှင့် ဆက်သွယ်ဆက်ဆံရသည့် ဌာနဆိုင်ရာများကို ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြည်သူများ အပေါ် ကူညီ စောင့်ရှောက်ပေးရန် မသမာမှု၊ နိုင်ထက်စီးနင်းပြုမှုများ ကင်းရှင်းစေရန် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်၊ စည်းကမ်းများနှင့်အညီ ပြုမူကျင့်ကြံကြစေရန် စသည့် ပြည်သူများအပေါ် ဆက်ဆံရေး ကောင်းမွန်စေရအောင်၊ ပြည်သူ့အကျိုးစောင့်ရှောက်ပေးသည့် အနှစ်သာရနှင့် ပြည်စုံစေရအောင် အဘက်ဘက်က ထိန်းသိမ်း တည့်မတ်ပေးနိုင်မည့် စီမံခန့်ခွဲမှု စနစ်များကို စနစ်တကျ တည်ဆောက်ပေးလျက်ရှိကြောင်း။

အလေးထားဆောင်ရွက်

အချုပ်အားဖြင့်ပြောရလျှင် နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ် အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်စေရအောင် အနာဂတ် ဒီမိုကရေစီနိုင်ငံတော်ကြီးအတွက် လိုအပ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ ပေါ်ထွန်းလာစေရအောင် နေ့မအားညမနား တွန်းတွန်းတိုက်တိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ယနေ့ အောင်မြင်ဖြစ်ထွန်းမှု အကျိုးရလဒ်ကောင်းများ အရှိန်အဟုန်နှင့် ဖြစ်ထွန်းလာနေသည့် အချိန်အခါကောင်းမှာ အနာဂတ်ကိုမျှော်မှန်းသည့် ယင်းပညာရေးစနစ်သစ်နှင့် ဆီလျော်ညီညွတ်သည့်ပညာရပ်ဆိုင်ရာ အရည်အသွေး၊ စီမံခန့်ခွဲမှုဆိုင်ရာအရည်အချင်းနှင့် စိတ်ဓာတ်ရေးရာ အခြေခံကောင်းများ ပညာရေးဝန်ထမ်း ဆရာ ဆရာမများမှာ ဖြစ်ထွန်း လာစေရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးမှုများ ဆောင်ရွက်လာခဲ့သည်မှာ ဆယ်စုနှစ် တစ်စုမက ကြာမြင့်လာခဲ့ပြီဖြစ်ကြောင်း။

ပိုမိုအလေးထား

အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းအဆင့်ဆင့် အောင်မြင်ဖြစ်ထွန်းမှုများနှင့်အတူ ပညာရေးဆိုင်ရာ အခြေခံ အဆောက်အအုံများ၊ ပညာသင်ယူမှု အခွင့်အလမ်းများ၊ ပညာရေးဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဖြန့်ကြက်ဖြစ်ထွန်းနေပြီဖြစ်သည့် ယနေ့အချိန်အခါတွင် အခြေခံ ပညာရေး အရည်အသွေး မြင့်မားရေး၊ ဆရာ အတတ်ပညာအရည်အချင်း တိုးတက်မြင့်မားရေးတို့အတွက် ပိုမိုအားထည့် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း၊ ဆရာ ဆရာမများ အုပ်ငုံကလည်း စာသင်ကျောင်းများနှင့်လူ့ဘောင် အဖွဲ့အစည်း အပြန်အလှန် ဆက်စပ် အကျိုးပြုစေရန်၊ ပတ်ဝန်းကျင် လူ့ဘောင်အဖွဲ့အစည်းအတွင်း ပညာရေးဆိုင်ရာ အခြေခံကောင်းများ ဖြစ်ထွန်းလာစေရန်နှင့် ဆရာနှင့် တပည့် ဆက်ဆံရေး၊ ဆရာနှင့် မိဘပြည်သူ ဆက်ဆံရေးမှာ ဆရာ့ကျင့်တတ် သိက္ခာနှင့်အညီ ဆက်ဆံကြစေရေးဆိုသည့် အပိုင်းကဏ္ဍများကို ပိုမို အလေးထားဆောင်ရွက်ကြမည့် အချိန်အခါကို ရောက်ရှိနေပြီဟု ပြောကြားလိုကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် နိုင်ငံနှင့်အနှံ့ခဲ့ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရန်၊ ဆည်မြောင်း တာတမံ၊ လမ်း တံတား စသည့် ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံ အဆောက်အအုံများ တည်ဆောက်ပေးနိုင်ရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်သွယ်ရေးစသည့် စီးပွားရေးအခြေခံကောင်းများဖြစ်ထွန်းလာ

အဓိကအားဖြင့် မိမိတို့၏တပည့် ကျောင်းသူကျောင်းသား လူငယ်များနှင့် မိဘပြည်သူများကို နိုင်ငံတော်အစိုးရ၏အနာဂတ်ကို မျှော်မှန်းသည့် တိုင်းကျိုးပြည်ပြု ကြိုးပမ်းဆောင်ရွက်ချက်များ။ နိုင်ငံသူနိုင်ငံသားများ၏ လူမှုစီးပွားရေးဘဝအခြေခံများ တိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ။ ကျန်းမာကြံ့ခိုင် သန်စွမ်းပြီး ပညာရည်မြင့်မားသည့် လူမျိုးများ အဖြစ် ထာဝရရပ်တည်နိုင်စေရန် ဖြည့်ဆည်း ဆောင်ရွက်ပေးနေမှုများ စသည့် နိုင်ငံတော်အစိုးရ၏ ကောင်းမြတ်သည့် စိတ်စေတနာနှင့် ဖြောင့်မတ်သော ကြိုးပမ်းဆောင်ရွက်မှုများကို သိမြင်စေရအောင် အခါမလပ် ပညာပေးစည်းရုံးပြီး တိုင်းကျိုးပြည်ပြု လုပ်ငန်းများမှာ ပြည်သူတစ်ရပ်လုံး ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်လာစေရအောင် ကြိုးပမ်းဆောင်ရွက်။

စာမျက်နှာ ၅ မှ

နေပါမှ မျှော်မှန်းချက်များနှင့်အညီ အဆင့်ဆင့်တက်လှမ်းအကောင်အထည် ပေါ် ဖြစ်ထွန်းလာမှာဖြစ်ကြောင်း။

ထို့အပြင် နယ်စပ် အစွန်အဖျား ဒေသများအပါအဝင် ကျေးလက်ဒေသ များအထိ ပညာရေးထွန်းကားပါမှ ပြည်ထောင်စုကြီး၏ နယ်မြေအစိတ် အပိုင်း ဒေသများအကြား ဆူကြံ့ နိမ့်မြင့် ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် များသည်လည်း တဖြည်းဖြည်း ကျဉ်း မြောင်းပပျောက်သွားစေမှာဖြစ်ကြောင်း။

စိတ်စေတနာကောင်းထားရှိ

ယင်းရည်မှန်းချက်များနှင့် အညီ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေး ဆိုင်ရာ အခြေခံကောင်းများ၊ အခွင့် အလမ်းကောင်းများကို တစ်နိုင်ငံလုံး ကွက်ပြည့်နှင်း တည်ဆောက်ဖန်တီး ပေးထားပြီးလည်းဖြစ်ကြောင်း၊ **ထို့ကြောင့် ကျေးလက်ဒေသများအထိ ဖြန့်ကြက်တာဝန်ထမ်းဆောင်နေကြသည့် အခြေခံပညာ ဆရာ ဆရာမများ၏ ပညာရေးတာဝန် ကျေပွန်မှု၊ ရရှိဖြစ်ထွန်းနေသည့် ပညာရေးအခြေခံကောင်းများကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်စွမ်းရှိမှု၊ စိတ်ဓာတ်နှင့် အရည်အသွေးမြင့်မားမှု၊ နိုင်ငံနှင့် လူမျိုးအပေါ်၊ မိမိ၏ပတ်ဝန်းကျင်အပေါ်၊ မိမိတပည့် ကျောင်းသူကျောင်းသား လူငယ်များအပေါ် စိတ်စေတနာကောင်းထားရှိမှုတို့သည် ယနေ့ နိုင်ငံတော်၏ ပညာရေးဆိုင်ရာ မျှော်မှန်းချက်များ အောင်မြင် ပြည့်မြောက်ရေးအတွက် လွန်စွာမှ အရေးပါနေပြီဖြစ်ကြောင်း။**

ယနေ့ သိပ္ပံနှင့်နည်းပညာ တိုးတက် ပြောင်းလဲမှုများသည် သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်မှာ ရပ်တန့်မနေဘဲ နိစ္စဓူဝ လူမှုစီးပွားရေးဘဝ အတွင်း လွှမ်းမိုး ကြီးစိုးလာနေသည့်အတွက် ပညာရေး၏ ဦးတည်ချက်သည်လည်း လက်တွေ့လူမှုဘဝမှာ အသုံးပြုနိုင်ရန် အဓိကဖြစ်လာနေပြီ ဖြစ်ကြောင်း။

လေ့ကျင့်သင်ကြား

ပညာရေးသည် ကျောင်းပရဝဏ် ကို ကျော်ထွက်လာနေပြီ ဖြစ်သည့် ယနေ့ အချိန်အခါမှာ ဆရာ ဆရာမ များအနေနှင့် မိမိတို့၏တပည့်ကျောင်း သူ ကျောင်းသားများကို ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းအကျိုးအတွက် လက် တွေ့အကျိုးရှိစေရမည်ဆိုသည့် ဦးတည် ချက်ဖြင့် လေ့ကျင့်သင်ကြား ပေးကြရ မှာဖြစ်ကြောင်း။

ဆရာ ဆရာမများ ကိုယ်တိုင်က လည်း မိမိပတ်ဝန်းကျင်လူ့အဖွဲ့အစည်း ၏ တိုးတက်ရာ တိုးတက်ကြောင်း အတွက် ကျရာကဏ္ဍက အထောက် အကူပြုရင်း မိဘပြည်သူများ အတွေး အမြင် အသိပညာတို့ဖြင့် ပြည့်စုံ ကြွယ်ဝစေရအောင် ပညာရေးဖြင့် ရှေ့ဆောင်မှုပေးကြရမှာဖြစ်ကြောင်း။

ယနေ့အချိန်အခါမှာ ကျေးလက် နေ ပြည်သူများ၏ ပညာရေး၊ ကျန်းမာ ရေးအဆင့်အတန်းမြင့်မားရေး၊ ကျေး လက်စီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်း ရေး၊မိသားစုဝင်ငွေတိုးရေး၊ ကျေးလက် ရေရရှိရေး၊ လျှပ်စစ်မီး လင်းရေး၊ ကျေးရွာစာကြည့်တိုက် ထူထောင်ရေး စသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး အစီအမံများကို အစိုးရဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းစသည့် လူမှုရေးအဖွဲ့အစည်း များလက်တွဲပူးပေါင်းပြီး ဒေသအလိုက် လိုအပ်ချက်များဖော်ထုတ် ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အင်တိုက်အားတိုက်

ဆရာ ဆရာမတို့အနေဖြင့်လည်း ယင်း ကျေးလက်ဖွံ့ဖြိုးရေး လက်တွေ့ ကြိုးပမ်းဆောင်ရွက်မှုများတွင် မိမိတို့ ၏တပည့်ကျောင်းသူကျောင်းသားများ၊ မိဘပြည်သူများကို စည်းရုံး ဦးဆောင် ပြီး အင်တိုက်အားတိုက်ပါဝင် ဆောင် ရွက်ကြရန် တိုက်တွန်းပြောကြားလို ကြောင်း။

အလားတူပင် မိမိတို့ စာသင် ကျောင်း၏ ဥပမိရုပ် ကောင်းမွန်စေရ အောင် သင်ထောက်ကူပစ္စည်းများ၊ ကျောင်းသုံးပရိဘောဂများပြည့်စုံစေရ အောင်၊ ကျောင်းနေရွယ်ကလေးတိုင်း ကျောင်းနေနိုင်ပြီး ကျောင်းနေသည့် ကလေးတိုင်း ကျောင်းနေမြဲစေရအောင် နွမ်းပါးသည့် ကျောင်းသူကျောင်းသား များအတွက် စာအုပ်၊ စာတမ်း၊ စာရေး ကိရိယာ ပြည့်စုံစေရအောင်၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ပညာ ရေးစေတနာရှင်များ၏ပူးပေါင်း ပါဝင်မှု စွမ်းအားကိုစည်းရုံးရယူပြီး တက်တက် ကြွကြွ ဦးစီးဦးဆောင် ဆောင်ရွက် ပေးကြရန် လိုအပ်မှာဖြစ်ကြောင်း။

ပညာရေးဖောင်ဒေးရှင်း

အခြားသော နိုင်ငံများတွင် သန်းကြွယ်သူဌေးကြီးများ၊ လုပ်ငန်းရှင် ကြီးများ၏ လုပ်ငန်းအကျိုးအမြတ်ငွေ များနှင့် ထူထောင်ထားသည့် ပညာရေး ဖောင်ဒေးရှင်းကြီးများ၏ အကူအညီ နှင့်ပညာရေးမြှင့်တင်မှုများကိုဆောင် ရွက်ကြရခြင်းဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံတွင် မိဘပြည်သူများ အားလုံး ပါဝင်သည့် ပညာရေးစေတနာရှင် စွမ်းအားစုများ၊ လူမှုရေးအဖွဲ့အစည်း များ၏ စုပေါင်းအားနှင့် ပညာရေး အလှူငွေများစုစည်းရရှိလျက်ရှိကြောင်း၊ လူမှုရေး စေတနာသဒ္ဓါတရား ထက် သန်လှသည့် မိမိတို့ မြန်မာလူမျိုးများ ၏ စွမ်းအားကောင်းများကြောင့်သာ အချိန်တိုကာလအတွင်း အခြေအမြစ် ခိုင်ခဲ့လှသည့် ပညာရေး အခြေခံ အဆောက်အအုံများ အင်နှင့်အားနှင့် ပေါ်ထွန်းလာခဲ့ခြင်း ဖြစ်ကြောင်း။

ထို့ကြောင့် ဆရာဆရာမများအနေ ဖြင့် မြန်မာလူမျိုးတို့၏ ထူးခြားမွန် မြတ်သည့် လူမှုရေး၊ စေတနာစွမ်းအား ကို အရအမိအသုံးချပြီး မိမိတို့၏ ကျောင်းနှင့်တကွ မိမိတို့၏တပည့် ကျောင်းသူကျောင်းသားများအတွက် ပညာရေးအခြေခံကောင်းများဖြစ်ထွန်း လာစေရအောင် ကြိုးစား အားထုတ် ဆောင်ရွက်ပေးကြပါဟု တိုက်တွန်း ပြောကြားလိုကြောင်း။

စည်းရုံးစေ့ဆော်

စာသင်ကျောင်းများ၏ လူမှု ပတ် ဝန်းကျင်ကနေ စာသင်ကျောင်းအတွက် လိုအပ်သည့်ပံ့ပိုးကူညီ ထောက်ပံ့မှု များကို ရယူရမှာဖြစ်သကဲ့သို့ မိမိတို့ စာသင်ကျောင်းကတစ်ဆင့် ရပ်ရွာ အဖွဲ့အစည်းအတွင်း ပညာရေးလိုလား စိတ်၊ ပညာရေးကို အားပေးလိုစိတ်၊ စာပေအတွေ့အကြုံ ဗဟုသုတ ရှာမှီး လိုစိတ် စသည့် ပညာရေးကို လေးစား မြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ် ကောင်းများ တိုးပွားဖြစ်ထွန်းလာစေ ရအောင် စည်းရုံး စေ့ဆော်ပေးကြဖို့ လည်း တစ်ဆက်တည်း မှာကြားလို ကြောင်း။

အဓိကအားဖြင့် မိမိတို့၏ တပည့် ကျောင်းသူကျောင်းသားလူငယ်များနှင့် မိဘပြည်သူများကို နိုင်ငံတော် အစိုးရ ၏အနာဂတ်ကို မျှော်မှန်းသည့် တိုင်း ကျိုးပြည်ပြုကြိုးပမ်းဆောင်ရွက်ချက် များ၊ နိုင်ငံသူနိုင်ငံသားများ၏ လူမှု စီးပွားရေး ဘဝအခြေခံများ တိုးတက် မြင့်မားရေးအတွက် ကြိုးပမ်း ဆောင် ရွက်ချက်များ၊ ကျန်းမာကြံ့ခိုင် သန်စွမ်း ပြီး ပညာရည်မြင့်မားသည့် လူမျိုးများ အဖြစ် ထာဝရ ရပ်တည်နိုင်စေရန် ဖြည့်ဆည်း ဆောင်ရွက်ပေးနေမှုများ စသည့် နိုင်ငံတော်အစိုးရ၏ ကောင်း မြတ်သည့် စိတ်စေတနာနှင့် ဖြောင့်မတ် သော ကြိုးပမ်းဆောင်ရွက်မှုများကို သိမြင်စေရအောင် အခါမလပ် ပညာ ပေးစည်းရုံးပြီး တိုင်းကျိုးပြည်ပြုလုပ်ငန်း များမှာ ပြည်သူတစ်ရပ်လုံး ညီညီ ညွတ်ညွတ် ပူးပေါင်း ပါဝင်လာစေရ အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

ထို့အပြင် နိုင်ငံတော်အစိုးရ၏ အနာဂတ် နိုင်ငံတော်သစ်တည်ဆောက် ရေးလုပ်ငန်းဆောင်တာများမှာ ဆရာ ဆရာမတို့ကိုယ်တိုင် ပူးပေါင်း ပါဝင် ဆောင်ရွက်ရင်း မိမိတို့၏ တပည့် ကျောင်းသူကျောင်းသားလူငယ်များကို နိုင်ငံတော်သစ်နှင့်ထိုက်တန်သည့် နိုင်ငံ့ သားကောင်းအရည်အသွေးများ၊ ပညာ ရပ်ဆိုင်ရာစွမ်းအားများ၊ နိုင်ငံကြီး သားစိတ်ဓာတ်များနှင့် ပြည့်စုံစေရ အောင် လေ့ကျင့်သင်ကြားပေးကြပါဟု တိုက်တွန်း ပြောကြားလိုကြောင်း။

ဆန်းစစ်လေ့လာ

မိမိတို့၏ တပည့် ကျောင်းသား ကျောင်းသူလူငယ်များ၏ဘဝရှေ့ရေး မျှော်မှန်းချက်များ၊ လိုလားချက်များ၊ တန်ဖိုးထားမှုများ၊ အလားအလာ ကောင်းများကိုသိရှိအောင် ဆန်းစစ် လေ့လာပြီး နိုင်ငံတော်၏လိုအပ်ချက် များနှင့် ပေါင်းစည်းမိစေရအောင် လေ့ကျင့်ပျိုးထောင်ပေးခြင်းအားဖြင့် နိုင်ငံ့အကျိုးပြု အဖိုးတန် လူငယ်များ ဖြစ်လာစေရမှာဖြစ်ကြောင်း။

ယနေ့ခေတ် ကာလမှာ ကျန်းမာကြံ့ခိုင်သန်စွမ်းပြီး ဉာဏ်ရည်ထက်မြက်သော၊ ပညာရည်မြင့်မားသော လူမျိုးများသည်သာ မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကြိုးပမ်းစွမ်းဆောင်ပေးနိုင်မှာ ဖြစ်ကြောင်း။

ထို့ကြောင့် မိမိနိုင်ငံသူနိုင်ငံသား ပြည်သူများ၏ အမျိုးသားရေးစွမ်းရည် ထက်မြက်မြင့်မားနိုင်မာစေရအောင် ပြုစုပျိုးထောင်ပေးနိုင်ပါမှ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ ခိုင်မြဲစေမှာ ဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရအနေဖြင့် မိမိ တို့၏ ပြည်ထောင်စုကြီး ကမ္ဘာတည် သရွေ့ အဓွန့်ရှည်တည်တံ့ခိုင်မြဲမှုကို အာမခံနိုင်မည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများကို ကြိုး ပမ်းတည်ဆောက်ရင်း ယင်းအခြေခံ ကောင်းများ၏စွမ်းအားဖြင့် နိုင်ငံ တကာနှင့်ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုး တိုးတက်ပြီး တည်ငြိမ် အေးချမ်း သာယာဝပြောသော စည်းကမ်းပြည့်ဝ သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ် ထွန်းလာစေရအောင် ကြိုးပမ်း ဆောင် ရွက်လျက်ရှိကြောင်း။

ယင်းမျှော်မှန်းချက်များ အောင် မြင် ပြည့်မြောက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာမှာ အမျိုး သားပညာရည်မြင့်မားမှုစွမ်းအားသည် ပဓာနကျသည့် အခန်းကဏ္ဍက ပါဝင် လျက်ရှိကြောင်း။

ကူညီစောင့်ရှောက်

ထို့ကြောင့် အမိ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ အနာဂတ် တည်ငြိမ်ခိုင်မာစေရေးအတွက် အမျိုး သားညီလာခံကြီးမှ အစပြုသည့် သမိုင်း ဖြစ်စဉ်တစ်ဆင့်ကို တက်လှမ်း ကူး ပြောင်းနေသည့် ယနေ့ အချိန်အခါ သမယမှာ ဆရာ ဆရာမများအားလုံး က အမျိုးသားပညာရည်မြင့်မားမှုစွမ်း အားကို တည်ဆောက်ပေးရင်း မြန်မာ့ သမိုင်းကြောင်း ဖြစ်ပေါ်ပြောင်းလဲမှု များကို အမျိုးသားရေးလမ်းကြောင်းမှန် အတိုင်း တိုးတက်ဖြစ်ထွန်းစေရအောင် ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလို သည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံ တော်ကြီး နိုင်ငံတကာ့ အလယ်မှာ ဂုဏ်သိက္ခာရှိရှိ၊ တင့်တင့်တယ်တယ် အဓွန့်ရှည်တည်တံ့ခိုင်မြဲစွာ ရပ်တည် နိုင်ရေးအတွက် ကြိုးပမ်းစွမ်းဆောင် ပေးနိုင်မည့် အရည်အသွေး မြင့်မား သော လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရ အောင် အားထုတ်ကြိုးပမ်းဆောင်ရွက် သွားကြပါ။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်မှု ဖြစ်စဉ် အဆင့်ဆင့် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်နိုင်မာစွာဖြင့် ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါ ဟု တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

ရင်းရင်းနှီးနှီး

သင်တန်းဖွင့် အခမ်းအနားအပြီး တွင် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် သင်တန်းသား၊သင်တန်းသူဆရာဆရာမ များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ သင်တန်းသို့ အောက် မြန်မာပြည်ရှိ ပြည်နယ်နှင့်တိုင်းများ မှ သင်တန်းသား၊ သင်တန်းသူ ဆရာ ဆရာမ ၁၄၉၇ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါးပတ် ဖြစ်သည်။ **(သတင်းစဉ်)**

ကိုယ်ဝန်ဆောင်မိခင်မှကလေးသို့ HIV ပိုးကူးစက်ခြင်းမှကာကွယ်ရေးစီမံချက် ဗဟိုအဆင့် အသိပေးဆွေးနွေးခြင်းနှင့် ဆရာဖြစ်သင်တန်းဖွင့်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း စီစဉ်ဖွင့်လှစ်သည့် ပြည်သူလူထုအခြေပြု ကိုယ်ဝန်ဆောင်မိခင်မှကလေးသို့ HIV ပိုး ကူးစက်ခြင်းမှ ကာကွယ်ရေးစီမံချက် (PMCT) ဗဟိုအဆင့် အသိပေးဆွေးနွေးခြင်းနှင့် ဆရာဖြစ်သင်တန်းအမှတ်စဉ်(၁/၂၀၀၆)ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြဦး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင် ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေး နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာ နိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ ပြည် နယ်၊ တိုင်း မိခင်နှင့်ကလေး စောင့် ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ များ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ ဝင်များ၊ ကျန်းမာရေးဝန်ကြီး ဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန် ရှိသူများ၊ ဆေးရုံအုပ်ကြီးများ၊ ကုလ သမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့များ၊ သင်တန်းနည်းပြများ၊ ပြည်နယ်၊ တိုင်းအသီးသီးမှ သင်တန်း သားသင်တန်းသူများ တက်ရောက် ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အမှာစကား ပြောကြားပြီး ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha က သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံမိခင် နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက စီမံချက်ဝင် မြို့နယ်များဖြစ်ကြသော နေပြည်တော် တပ်ကုန်းမြို့နယ်၊ ရန်ကုန်တိုင်း လှိုင် မြို့နယ်၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၊ မန္တလေးတိုင်း မဟာအောင်မြေ (၁) မြို့နယ်နှင့် ကျောက်ဆည်မြို့နယ် များတွင် မြို့နယ်အဆင့် ဆင့်ပွား သင်တန်းများ ပြုလုပ်ရန်အတွက် စီမံ ချက်ထောက်ပံ့ငွေ တစ်မြို့နယ်လျှင် ငွေကျပ် ၇၈၉၀၀၀ စီကို သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများထံ လွှဲပြောင်းပေးအပ်သည်။

ပေးအပ်

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက စီမံချက် ဝင် မြို့နယ်များသို့ ဗဟိုမှ ပံ့ပိုးသော တစ်မြို့နယ်လျှင် စက်ဘီးနှစ်စီးစီနှင့် သားဖွားခန်း အသုံးအဆောင်ပစ္စည်း များကို သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးများ နှင့် တာဝန်ရှိသူများထံသို့ ပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

ရှင်းလင်းဆွေးနွေး

ယင်းနောက် နံနက် ၁၀ နာရီတွင် ဗဟိုအဆင့် အသိပေး ဆွေးနွေးပွဲကို ကျင်းပရာ ဗဟိုအဆင့် အသင်းဝင် ၇၅ ဦးတက်ရောက်ကြပြီး (PMCT) စီမံချက်ဆိုင်ရာကိစ္စရပ်များကို အမျိုး သားခုခံအား ကျဆင်းမှုကူးစက်ရောဂါ နှင့် ကာလသားရောဂါ ကာကွယ် တိုက်ဖျက်ရေးစီမံချက် (NAP) မှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ဝင်းမာ၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ (PMCT) စီမံချက်အရာရှိ ဒေါက်တာ Grita Thain၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်း ရေးမှူး ဒေါက်တာဒေါ်ဝေဝေသာနှင့် တွဲဖက် အတွင်းရေးမှူး(၁) ဒေါက်တာ ဒေါ်မေမာလာတို့က အသီးသီးရှင်းလင်း ဆွေးနွေးကြသည်။

သင်တန်းကာလ

အဆိုပါသင်တန်းသို့ စီမံချက်ဝင် မြို့နယ်များမှ တစ်မြို့နယ်လျှင် သင် တန်းသား သင်တန်းသူ လေးဦးစီ စုစုပေါင်း ၂၄ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့် မည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း မြို့နယ်အဆင့် ဆင့်ပွားသင်တန်းများ ပြုလုပ်ရန် အတွက် စီမံချက်ထောက်ပံ့ငွေ များကို ပြည်နယ်၊ တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ် ရေးအဖွဲ့ ဥက္ကဋ္ဌများထံ လွှဲပြောင်း ပေးအပ်စဉ်။ (သတင်းစဉ်)

ကံ့ကော်ကျွန်းတောရရိပ်သာ တရားစခန်းဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၂၇

လှည်းကူးမြို့နယ် ကံ့ကော်ကျွန်းတောရရိပ်သာကျောင်းတိုက် သတိပဋ္ဌာန် တရားစခန်းပွဲကို ဒီဇင်ဘာ ၂ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်း ဝင်လိုသူယောဂီများကြိုတင်စာရင်းပေးကြရန်နှင့် ဒီဇင်ဘာ ၂ ရက် ညနေ ၅နာရီ အရောက်လာရောက်ကြရမည်ဖြစ်ပြီး ဆွမ်းကွမ်းဝေယျာဝစ္စ လှူဒါန်းလိုသူများသည် ဦးအံ့ကူး ဖုန်း-၀၉-၅၀၀၁၀၈၀၊ ၅၄၂၀၇၉၊ ဦးလှသိန်းကျော် ဖုန်း-၅၄၂၇၇၁၊ ဦးစောမောင်၊ ဒေါ်လှလှ ဖုန်း-၆၂၉၁၄၉ နှင့် ဒေါ်မိမိခိုင် ဖုန်း-၆၂၉၇၆၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

လျှို့ဝှက်ဆန္ဒမဲပေးသည့်စနစ်ကျင့်သုံးခြင်းဖြင့် မဲဆန္ဒရှင်၏ဆန္ဒကို လွတ်လပ်စွာဖော်ထုတ်နိုင်ခွင့်ရရှိမည်ဖြစ် နိုင်ငံသားတိုင်း မိမိတို့ကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ်များကို ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်ရှိ မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးပိုင်ခွင့်ဆုံးရှုံးမှုမရှိစေရန် တိကျမှန်ကန်သည့်မဲစာရင်းရရှိရန် လိုအပ်



ရန်ကုန် နိုဝင်ဘာ ၂၇

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် နိုဝင်ဘာ၂၇ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေး ပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့တင်ပြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရီ ဖတ်ကြားတင်ပြသည့် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ၏ အကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည် –

လေးစားအပ်တဲ့ သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ရှေးဦးစွာ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ အမျိုးသား ညီလာခံကိုယ်စားလှယ် ဦးထွန်းရီဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၂၀၀၆ခုနှစ် အောက်တိုဘာလ၃၀ရက်နှင့် ၃၁ရက်နေ့များတွင် ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ် ကာလဆိုင်ရာပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

အဆိုပါ ရှင်းလင်းပြောကြားချက်များနဲ့စပ်လျဉ်း၍ အသေးစိတ်အခြေခံ ရမည့်မူများကို ချမှတ်ရန်သင့်၊ မသင့် ဆွေးနွေး အကြံပြုကြရန်နှင့် အခြား ကောင်းမွန်သည့် အကြံပြုချက်များရှိပါကလည်း ဆွေးနွေးအကြံပြုကြရန် ပြောကြားခဲ့ပါတယ်။ ယင်းသို့ပြောကြားချက်အရ တိုင်းရင်းသားစည်းလုံးညီညွတ် ရေးပါတီက ဤစာတမ်းကို တင်ပြခြင်းဖြစ်ပါတယ်။

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်း ပြောကြားချက်များကို လေ့လာရာတွင် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ရွေးကောက်တင်မြှောက်ခြင်းအခန်းအတွက် (၁၄)ချက်၊ နိုင်ငံရေးပါတီများအခန်း အတွက် (၆)ချက်နှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းအတွက် (၂၃)ချက်တို့အား တင်ပြထားကြောင်းတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

ရွေးကောက်တင်မြှောက်ခြင်းအခန်းနှင့်စပ်လျဉ်း၍ ရှေးဦးစွာ ဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်။ အဆိုပါအခန်းအတွက် အသေးစိတ်အခြေခံရမည့် မူများအဖြစ် စုစည်းတင်ပြချက်အပိုဒ် ၁ တွင် လွှတ်တော်များသို့ ပြည်သူ့ ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းနှင့်စပ်လျဉ်းပြီး အသက်(၁၈)နှစ် ပြည့်ပြီးသူများ မဲပေးပိုင်ခွင့်၊ လျှို့ဝှက်မဲပေးသည့်စနစ်ကို ကျင့်သုံးခွင့်နှင့် မဲဆန္ဒရှင်များအနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်တို့နှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံ ရမည့်မူ(၄)ရပ်ကို အပိုဒ်ခွဲ(က)မှ (ဃ)အထိတို့ဖြင့် တင်ပြထားကြောင်း တွေ့ရှိ ရပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် အသက်(၁၈)နှစ်ပြည့်ပြီးသူများအား အရွယ် ရောက်ပြီးသူများအဖြစ် အသိအမှတ်ပြုထားသည့်အပြင် ယခင်အခါများကပင် ရွေးကောက်တင်မြှောက်ပွဲများ၌ မဲပေးခွင့်များရရှိခဲ့ကြပါတယ်။ သို့ဖြစ်၍ မဲပေးရန် အသက်ကန့်သတ်ချက်(၁၈)နှစ်ဟု သတ်မှတ်ခြင်းမှာ လျော်ကန်သင့်မြတ်ပါတယ်။ ထို့အပြင် လျှို့ဝှက်ဆန္ဒမဲပေးသည့်စနစ်ကို ကျင့်သုံးခြင်းဖြင့်လည်း မဲဆန္ဒရှင်များ အနေဖြင့် မိမိတို့၏ဆန္ဒကို လွတ်လပ်စွာဖော်ထုတ်နိုင်ခွင့် ရရှိကြမည်ဖြစ်ပါတယ်။

ထို့အပြင် လွှတ်တော်များသို့ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက် တင်မြှောက်ခြင်းနှင့်စပ်လျဉ်းပြီး စုစည်းတင်ပြချက်များမှာ အမျိုးသားညီလာခံက အတည်ပြုချမှတ်ထားသည့် “နိုင်ငံသားတိုင်းသည် မိမိတို့ကို ကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ်များကို ဥပဒေနဲ့အညီ ရွေးကောက်တင်မြှောက်ခွင့်ရှိသည်” ဟူသောအချက်နှင့် လိုက်လျောညီထွေရှိသဖြင့် လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

စုစည်းတင်ပြချက် အပိုဒ် ၂ ဖြစ်သည့် ဆန္ဒမဲပေးပိုင်ခွင့် မရှိသူ ပုဂ္ဂိုလ်များနှင့် စပ်လျဉ်းပြီး အဆိုပြုချက်များမှာ ယခင်က ကျင့်သုံးခဲ့သည့် အစဉ်အလာများနှင့် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များမှာ လိုက်လျောညီထွေရှိသည့်အပြင် ဆက်လက် ကျင့်သုံးရန်လိုအပ်သည့် အချက်အလက်များဖြစ်ကြောင်း လေ့လာတွေ့ရှိရသဖြင့် ထပ်မံဖြည့်စွက်ရန်မရှိပါကြောင်း တင်ပြအပ်ပါတယ်။

ထို့အပြင် စုစည်းတင်ပြချက် အပိုဒ် ၃ တွင် ပါရှိသည့် လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးသည်–

(က) လွှတ်တော်တစ်ရပ်အတွက်သာ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရှိသည်။

(ခ) မဲဆန္ဒနယ်တစ်နယ်တွင်သာ ရွေးကောက်တင်မြှောက်ခံရန် ယှဉ်ပြိုင် ခွင့်ရှိသည်။

ဟူသော အချက်များမှာလည်း လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါတယ်။

စုစည်းတင်ပြချက် အပိုဒ် ၄တွင် ပြည်ထောင်စုနယ်မြေများနှင့် စပ်လျဉ်း၍ တင်ပြထားကြောင်း တွေ့ရှိရပါတယ်။ ပြည်ထောင်စုနယ်မြေများမှာ နိုင်ငံတော် သမ္မတက တိုက်ရိုက်အုပ်ချုပ်သည့် ဒေသဖြစ်သည့်အပြင် အဆိုပါနယ်မြေများ အတွက် ဥပဒေများကို ပြည်ထောင်စုလွှတ်တော်ကသာ ပြဋ္ဌာန်းပေးမည်ဖြစ်သဖြင့်

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏အကြံပြုချက် စာတမ်းကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှဦးထွန်းရီ ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကို ရွေးချယ် တင်မြှောက်ပေးရန် လိုအပ်တော့မည်မဟုတ်ကြောင်း တွေ့ရှိရပါတယ်။ ထို့အပြင် နောက်ပိုင်းတွင်မှ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ခံရပါကလည်း တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက် ရပ်တည်ခွင့် မရှိသင့်ဟု သဘောရပါတယ်။ သို့ဖြစ်၍ စုစည်းတင်ပြချက် အပိုဒ်၄၌ အဆိုပြုထားချက်များမှာ လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါတယ်။ စုစည်းတင်ပြချက် အပိုဒ် ၅ ၌ ပါရှိသည့် “ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရသော်လည်းကောင်း၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များ အရသော်လည်းကောင်း အရည်အချင်း ပျက်ယွင်းသူ မဟုတ်ပါက နိုင်ငံသားတိုင်းသည် လွှတ်တော်တစ်ရပ်ရပ်သို့ ရွေးကောက် တင်မြှောက်ခံပိုင်ခွင့်ရှိသည်”ဟူသော အချက်မှာလည်း နိုင်ငံသားများ၏ ရွေးချယ် တင်မြှောက်ခံပိုင်ခွင့်ကို အခိုင်အမာပြုထားခြင်း ဖြစ်သည့်အပြင် အမျိုးသား ညီလာခံက အတည်ပြုပြီးဖြစ်သည့် နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးချယ်တင်မြှောက်ခွင့်နှင့် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသည်ဟူသော အချက် များဖြင့် လိုက်လျောညီထွေရှိသဖြင့် တစ်စုံတစ်ရာ ဖြည့်စွက်ဆွေးနွေးရန်မရှိကြောင်း တင်ပြအပ်ပါတယ်။

စုစည်းတင်ပြချက် အပိုဒ် ၆ အပိုဒ်ခွဲ(က)တွင် ပါရှိသည့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည့် အကြောင်း အရာ(၅)ရပ်မှာ ပြည့်စုံမှုရှိကြောင်း တွေ့ရှိရပါတယ်။ ထို့အပြင် တာဝန်မှပြန်လည် ရုပ်သိမ်းနိုင်ရန်အတွက် တိုင်တန်းရာတွင် မဲဆန္ဒရှင် အရေအတွက် သတ်မှတ်မှု ကို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံးတစ် ရာခိုင်နှုန်းက တင်ပြတိုင်တန်းရန် သတ်မှတ်ချက်မှာလည်း သင့်မြတ်ပါတယ်။ မဲဆန္ဒရှင်များ၏ တိုင်တန်းချက်အပေါ် အခြေခံလျက် ဆက်လက်ဆောင်ရွက်ရ မည့် လုပ်ငန်းအဆင့်ဆင့်မှာလည်း အမှန်တကယ်လိုအပ်ချက်များ ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ထို့အပြင် အမျိုးသားညီလာခံက အတည်ပြုချမှတ်ထားသည့်“ရွေးကောက် တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ကို သက်ဆိုင်ရာ မဲဆန္ဒရှင်များက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်”ဟူသော သတ်မှတ်ချက်နှင့်လည်း ဆီလျော်ကိုက် ညီကြောင်း တွေ့ရှိရသဖြင့် စုစည်းတင်ပြချက် အပိုဒ် ၆၌ ပါရှိသည့် အဆိုပြု ချက်များမှာ လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါတယ်။

စုစည်းတင်ပြချက် အပိုဒ် ၇ တွင် “ပြည်ထောင်စုလွှတ်တော်သည် ရွေးကောက် တင်မြှောက်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ တာဝန်မှပြန်လည် ရုပ်သိမ်းခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း လိုအပ်သောဥပဒေ များကို ပြဋ္ဌာန်းရမည်”ဟူ၍ ပါရှိပါတယ်။

ဥပဒေပြုမှုအာဏာကို လွှတ်တော်များကသာ ကျင့်သုံးခွင့်ရှိသည့် အလျောက် မလွဲမသွေဆောင်ရွက်ရမည့် ကိစ္စရပ်များဖြစ်သဖြင့် အသေးစိတ်အခြေခံရမည့်မူများ အဖြစ် ချမှတ်ရန် လျော်ကန်သင့်မြတ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဖော်ပြပါ စုစည်းတင်ပြချက် အပိုဒ် ၇နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ ရာတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌက “ရွေးကောက် တင်မြှောက်ခြင်းနဲ့ စပ်လျဉ်းလို့ တင်ပြရလျှင် ယခုအခါ မိမိတို့ ကျင့်သုံးလျက်ရှိတဲ့ မဲဆန္ဒနယ် တစ်နယ်စီမှ ကိုယ်စားလှယ်တစ်ဦးကျစီ ရွေးကောက်တင်မြှောက် တဲ့စနစ်အစား ကိုယ်စားလှယ်တစ်ဦးထက် ပို၍ ရွေးကောက်တင်မြှောက်နိုင်သော မဲဆန္ဒနယ်ကို ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ပြီး ရရှိသည့်ထောက်ခံမဲအပေါ် မူတည်၍ ရွေးကောက်ခံရသည့် ကိုယ်စားလှယ်များကို အချိုးကျ သတ်မှတ်ပေးတဲ့ စနစ်ကို နိုင်ငံအတော်များများက သုံးစွဲလာကြတာကို လေ့လာတွေ့ရှိရပါတယ်။ ယင်းသို့ တိုးတက်လာတဲ့ အခြေအနေမျိုးကို လေ့လာပြီး ပြည်ထောင်စုလွှတ်တော်ရဲ့ ဆုံးဖြတ်ချက်နဲ့အညီ လိုအပ်တဲ့ ဥပဒေများကို ပြဋ္ဌာန်းပေးဖို့ဖြစ်ပါတယ်”ဟူ၍ ရှင်းလင်းပြောကြားခဲ့ပါတယ်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လက်လှမ်းမီသမျှ လေ့လာရာတွင် ပါတီစုံ အထွေထွေရွေးကောက်ပွဲစနစ်ကို ကျင့်သုံးသည့်နိုင်ငံပေါင်း ၁၂၀ခန့်အနက် နိုင်ငံ၇၀ကျော်တွင် ထောက်ခံဆန္ဒမဲရရှိမှုအပေါ်မူတည်၍ အချိုးကျကိုယ်စားလှယ် သတ်မှတ်ပေးသည့်စနစ်ကိုကျင့်သုံးလျက်ရှိကြကြောင်း လေ့လာတွေ့ရှိရပါတယ်။ အဆိုပါစနစ်မှာ မဲဆန္ဒရှင်များ၏ ဆန္ဒကိုအခြေခံလျက် ပြည်သူများအား စစ်မှန်စွာကိုယ်စားပြုနိုင်သည့် ကိုယ်စားလှယ်များကို ရရှိစေပါတယ်။ ထို့မှုမက ယင်းစနစ်ကို ကျင့်သုံးခြင်းဖြင့် မဲဆန္ဒရှင်များ၏ ဆန္ဒမဲများမှာ အဟောသိကံ မဖြစ်ဘဲ မဲတိုင်းသည် တန်ဖိုးရှိလာခြင်း၊ နိုင်ငံတော်၏လိုအပ်ချက်နှင့်အညီ အံဝင်ခွင်ကျရှိမည့် လူတော်လူကောင်းများကို ရရှိနိုင်ခြင်း၊ ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်သည့် ပါတီများမှ ကိုယ်စားလှယ်များ မျှတစွာရရှိနိုင်မည့် အခွင့် အလမ်းများ ပိုမိုလာခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်ရာ နိုင်ငံတော်၏လိုအပ်ချက်နှင့် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒ သဘောထားများကို ထင်ဟပ်လျက် မဲဆန္ဒရှင်များကို မှန်ကန်စွာကိုယ်စားပြု နိုင်မည့် ကမ္ဘာ့နိုင်ငံအများအပြား၌ ကျင့်သုံးလျက်ရှိသည့် ဆန္ဒမဲရရှိမှုအပေါ် မူတည်၍ အချိုးကျ ကိုယ်စားလှယ်သတ်မှတ်ပေးသည့်စနစ်ကို လာမည့် ရွေးကောက်ပွဲမှာစ၍ ကျင့်သုံးနိုင်ရေးအတွက် ဆောင်ရွက်သင့်ကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

စုစည်းတင်ပြချက် အပိုဒ်၈တွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဖွဲ့စည်းခြင်းနှင့် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ အရည်အချင်းသတ်မှတ် ချက်များကို ဖော်ပြထားကြောင်း တွေ့ရှိရပါတယ်။ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များနှင့် ယင်းတို့နှင့်ဆက်နွှယ်ဖြစ်ပေါ်လာသည့် ကိစ္စရပ်များကို စဉ်ဆက် မပြတ်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲဆိုင်ရာ ကော်မရှင် တစ်ရပ်ဖွဲ့စည်းခြင်းနှင့် ကော်မရှင်ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ငါးဦးကို တာဝန် ပေးအပ်ရေးမှာ အမှန်တကယ်လိုအပ်ချက်များဖြစ်ပါတယ်။

ထို့အပြင် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအတွက် လိုအပ်သည့်အရည် အချင်း သတ်မှတ်ချက်များကို ပြည့်စုံစွာတင်ပြထားတာတွေ့ရှိရတဲ့အတွက် ထပ်မံဖြည့်စွက်ဆွေးနွေးရန်မရှိကြောင်း တင်ပြအပ်ပါတယ်။

စုစည်းတင်ပြချက် အပိုဒ်၉တွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ တာဝန်များကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ပြည့်ပြည့်စုံစုံ လေ့လာတင်ပြထားသည်ကို တွေ့ရှိရပါတယ်။ အပိုဒ်၉ အပိုဒ်ခွဲ (က)တွင် ဖော်ပြပါရှိသည့် လွှတ်တော်ရွေးကောက်ပွဲများကျင်းပခြင်းသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အဓိကဆောင်ရွက်ရမည့် တာဝန် ဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့၏ ရွေးကောက်ပွဲ ဆိုင်ရာ အတွေ့အကြုံများအရ ပါတီစုံအထွေထွေရွေးကောက်ပွဲများသည် တရားမဲ့ပြုကျင့်မှုများမရှိစေဘဲ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများ ဖြစ်စေရန် လိုအပ်ပါတယ်။ သို့ဖြစ်ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် အပိုဒ်၉ အပိုဒ်ခွဲ(ခ)တွင် ပါရှိသည့်အတိုင်း ကော်မရှင်အဆင့်ဆင့် ဖွဲ့စည်းခြင်းနှင့် လွှတ်တော်ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်းလုပ်ငန်းများမှာ အမှန်တကယ် လိုအပ်ချက်များဖြစ်ပါတယ်။ ထို့အပြင် မဲဆန္ဒနယ်များသတ်မှတ် ခြင်း၊ ပြင်ဆင်ခြင်းနှင့် မဲစာရင်းများပြုစုခြင်း၊ ပြင်ဆင်ခြင်းတို့မှာ ပါတီစုံ အထွေထွေရွေးကောက်ပွဲများအတွက် အရေးပါသည့်လုပ်ငန်းများဖြစ်ပါတယ်။ သို့ဖြစ်၍ မဲဆန္ဒနယ်မြေများသတ်မှတ်ရာတွင် မဲဆန္ဒရှင်ပြည်သူများ အခက်အခဲ မရှိစေဘဲ အလွယ်တကူမဲပေးနိုင်ရေးအတွက် ဦးတည်ချက်များထားရှိကာ မဲရုံများ အလုံအလောက်ထားရှိပေးခြင်း၊ လုံခြုံစိတ်ချစွာ မဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေး ခြင်းများ ပြန်လုပ်ပေးသင့်ပါတယ်။ ထို့ပြင် မဲပေးသည့်စနစ်သည် မဲဆန္ဒရှင်များ လွယ်ကူစွာမဲပေးနိုင်ပြီး မိမိနိုင်ငံ၏ ပကတိအခြေအနေများဖြင့် အံဝင်ခွင်ကျရှိမည့် စနစ်ဖြစ်စေရေးတို့ကို ထည့်သွင်းစဉ်းစားဆောင်ရွက်သွားသင့်ပါတယ်။

မဲစာရင်းများပြုစုရာတွင်လည်း မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးပိုင်ခွင့် ဆုံးရှုံးမှုမရှိစေရန်အတွက် တတ်နိုင်သမျှ တိကျမှန်ကန်သည့်မဲစာရင်းများရရှိရန် လိုအပ်ပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်သတ်မှတ်ချက်များတွင် ရွေးကောက်တင်မြှောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို စစ်ဆေးနိုင်ရေးအတွက် ဥပဒေနှင့်အညီ ရွေးကောက်ပွဲ၊ ခုံအဖွဲ့များ ဖွဲ့စည်းခြင်းလည်းပါရှိပါတယ်။ ထိုကဲ့သို့ ရွေးကောက်ပွဲ ခုံအဖွဲ့များဖွဲ့စည်းရာတွင် သမာသမတ်ရှိသည့် ပုဂ္ဂိုလ်များ အဓိကပါဝင်လာရေးနှင့် အဆိုပါခုံအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိစေရန် လိုအပ်မည်ဖြစ်ပါတယ်။ ဖော်ပြပါ လုပ်ငန်းရပ်များအပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အခြားသော လုပ်ငန်းတာဝန်များမှာလည်း အမှန်တကယ် ဖော်ဆောင်သွားသင့်သည့် လုပ်ငန်းရပ်များဖြစ်သဖြင့် စုစည်း တင်ပြချက် အပိုဒ် ၉ ၌ပါရှိသည့် အဆိုပြုချက်များမှာ လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါတယ်။

စုစည်းတင်ပြချက် အပိုဒ် ၁၀ တွင် ပါရှိသည့် “နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင် တစ်ဦးအပေါ် စွပ်စွဲပြစ်တင်လိုပါက ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ တရားသူကြီး တစ်ဦးဦးကို စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်း သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်” ဟူသော အချက်နှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးရန် မရှိပါကြောင်း တင်ပြအပ် ပါတယ်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

28-11 (07) 1 11/28/06, 1:15 PM

နိုင်ငံရေးပါတီများသည် ပါတီတွင်းဒီမိုကရေစီကျင့်စဉ်နှင့် လုပ်နည်းလုပ်ဟန်များကို လိုက်နာကျင့်သုံးဖော်ဆောင်ရမည်

စာမျက်နှာ ၇ မှ

စုစည်းတင်ပြချက် အပိုဒ် ၁၁၌ ပါရှိသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်မှနုတ်ထွက်ခွင့်၊ အစားထိုး တာဝန်ပေးအပ်မှုနှင့်ဝန်ထမ်းဖြစ်ပါက နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီး ဖြစ်သည်ဟု မှတ်ယူရမည်ဟူသော အချက်များမှာ လျော်ကန်သင့်မြတ်လှပါတယ်။

ထို့အပြင် စုစည်းချက်အပိုဒ် ၁၂ ၌ ပါရှိသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်များသည် အပြီးအပြတ်ဖြစ်စေရမည် ဟူသောအချက်များနှင့် စုစည်းတင်ပြချက် အပိုဒ် ၁၃ တွင် ပါရှိသည့် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏တာဝန်များ၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များ ပြဋ္ဌာန်းမှုနှင့် ယင်းတို့နှင့် ဆက်နွှယ်၍ စုစည်းတင်ပြချက် အပိုဒ် ၁၄ ၌ပါရှိသည့် အချက်အလက်များနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ ဖြည့်စွက်ဆွေးနွေးရန်မရှိပါကြောင်း တင်ပြအပ်ပါတယ်။

အထက်ဖော်ပြပါ ရွေးကောက်တင်မြှောက်ခြင်းနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများသည် လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲများဖြစ်လာစေရေးအတွက် အမှန်တကယ်လိုအပ်ချက်များဖြစ်ပါတယ်။ သို့ဖြစ်၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက တင်ပြခဲ့သည့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ အသေးစိတ်အခြေခံရမည့်မူများသည် လျော်ကန်သင့်မြတ်မှုရှိကြောင်း တင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံရေးပါတီများအခန်းနဲ့စပ်လျဉ်းပြီး ဆက်လက်တင်ပြမည်ဖြစ်ပါတယ်။ ၂၀၀၆ခုနှစ် အောက်တိုဘာလ၃၀ရက်နေ့တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌက နိုင်ငံရေးပါတီများအခန်းနှင့်စပ်လျဉ်း၍ ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူ(၆)ချက်ကို စုစည်းတင်ပြခဲ့ပါတယ်။ အဆိုပါ စုစည်းတင်ပြချက်အပိုဒ် ၁ တွင်–

> “နိုင်ငံရေးပါတီများသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိသည်”

ဟူ၍ ဖော်ပြပါရှိတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ပါတီစုံအထွေထွေရွေးကောက်ပွဲ နည်းလမ်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ဖော်ဆောင်သွားမည်ဖြစ်သည့်အားလျော်စွာ နိုင်ငံရေးပါတီအဖွဲ့အစည်းများ ရှိနေမည်သာဖြစ်ပါတယ်။ နိုင်ငံရေးပါတီဆိုသည်မှာ အခြေခံသဘောထားအယူအဆ တူမျှသူအချင်းချင်း စုစည်းလျက် စနစ်တကျဖွဲ့စည်းထားသည့် အဖွဲ့အစည်းများဖြစ်ပါတယ်။ ထို့အပြင် နိုင်ငံရေးပါတီများသည် ပြည်သူတို့၏ လိုလားထောက်ခံမှုရရှိစေရန် စည်းရုံးရေးလုပ်ငန်းများကို အဓိကထား၍ ဖော်ဆောင်ကြရပါတယ်။ ထို့မျှမက နိုင်ငံရေးပါတီတစ်ရပ်သည် ပြည်သူများအား မှန်ကန်စွာဦးဆောင်မှုပေးကြရမည်ဖြစ်ပါတယ်။

စုစည်းတင်ပြချက် အပိုဒ် ၁ ၌ ဖော်ပြပါရှိသည့် အချက်များမှာ နိုင်ငံသားတိုင်း လိုက်နာရမည့်မူများအတိုင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ပြည်သူများဖြင့် ပါဝင်ဖွဲ့စည်းထားပြီး ပြည်သူတို့အား ဦးဆောင်စည်းရုံးသွားရမည့် နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူတိုင်း လိုက်နာဆောင်ရွက်ရမည့် တာဝန်များကို မဖြစ်မနေ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါတယ်။ သို့ဖြစ်ရာ နိုင်ငံရေးပါတီများထားရှိရမည့် စုစည်းတင်ပြချက်အပိုဒ် ၁ တွင် ပါရှိသည့် ဦးတည်ချက်များမှာ လျော်ကန်သင့်မြတ်ပါတယ်။

စုစည်းတင်ပြချက်အပိုဒ် ၂ တွင် နိုင်ငံရေးပါတီတစ်ရပ်သည်–

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်၊

(ဂ) ဥပဒေနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဖွဲ့စည်းမှတ်ပုံတင်ထားရမည်၊

ဟူ၍ ပါရှိပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရန် ရည်မှန်းထားသည့်အလျောက် နိုင်ငံရေးပါတီများအနေဖြင့် အဆိုပါစနစ်နှင့်အညီ လိုက်နာကျင့်သုံးဖော်ဆောင်ကြရမည်ဖြစ်ပါတယ်။ သို့ဖြစ်ရာ နိုင်ငံရေးပါတီများသည် ပါတီတွင်း ဒီမိုကရေစီကျင့်စဉ်နှင့် လုပ်နည်းလုပ်ဟန်များကို မဖြစ်မနေ လိုက်နာကျင့်သုံး ဖော်ဆောင်ကြရမည်ဖြစ်ပါတယ်။ ထိုကဲ့သို့ ကျင့်သုံးရာတွင် ဆွေးနွေးခြင်း၊ တိုင်ပင်ခြင်း၊ ညှိနှိုင်းခြင်းများ ပြုလုပ်ရန်လိုအပ်ပါတယ်။ ထို့အပြင် ပါတီတွင်း ရွေးချယ်တင်မြှောက်ခြင်းများကိုလည်း ဒီမိုကရေစီကျင့်စဉ်နှင့်အညီပြုလုပ်ရန် လိုအပ်လာပါတယ်။ သို့ဖြစ်၍ နိုင်ငံရေးပါတီများအနေဖြင့် ပါတီစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပါတီညီလာခံများ၊ နှီးနှောဖလှယ်ပွဲများနှင့် စည်းဝေးပွဲများ၊ ဆွေးနွေးပွဲများကို ပြုလုပ်ခွင့်ရှိရန်လိုအပ်ပါတယ်။ ထို့အပြင် ပါတီတာဝန်ပေးအပ်ခြင်းနှင့် ပါတီတာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းများကိုလည်း သက်ဆိုင်ရာပါတီအဖွဲ့အစည်းများက မိမိတို့ပါတီ၏ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအရ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသင့်ပါတယ်။

ထို့အပြင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိသူမှန်သမျှသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည့် တာဝန်ရှိသည့်အလျောက် ပြည်သူများကိုမှန်ကန်စွာ စည်းရုံးဦးဆောင်မှုပေးရမည့် နိုင်ငံရေးပါတီများအနေဖြင့် ဖော်ပြပါအချက်များမှာ မဖြစ်မနေ လိုက်နာရမည့်တာဝန်များဖြစ်ပါတယ်။ ထို့မျှမက နိုင်ငံရေးပါတီတစ်ရပ်သည် ဥပဒေနှင့်အညီ ဖွဲ့စည်းမှတ်ပုံတင်ရမည်ဟူသောအချက်မှာလည်း မဖြစ်မနေ လိုက်နာဆောင်ရွက်ရမည့်ကိစ္စတစ်ရပ်ဖြစ်သည့်အပြင် ပါတီအဖွဲ့အစည်းများရဲ့ ဖွဲ့စည်းမှုကိုပါ ခွင့်ပြုထားကြောင်းတွေ့ရှိရသဖြင့် စုစည်းတင်ပြချက်အပိုဒ် ၂ ၌ ပါရှိသည့်အချက်များမှာ လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါတယ်။

စုစည်းတင်ပြချက်အပိုဒ် ၃ ၌ နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော် အတွင်း ဥပဒေနှင့်အညီ–

(က) လွတ်လပ်စွာစည်းရုံးခွင့်ရှိသည်၊

(ခ) ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်၊

ဟူ၍ ပါရှိပါတယ်။

နိုင်ငံရေးပါတီများ၏ အဓိကအကျဆုံးလုပ်ငန်းတာဝန်မှာ စည်းရုံးရေးဖြစ်ပါတယ်။ ပါတီတစ်ရပ်၏ အရှည်သဖြင့် တည်မြဲခိုင်မာစွာ ရပ်တည်နိုင်ရေးမှာ ယင်းတို့၏ စည်းရုံးရေးစွမ်းရည်အပေါ်၌ တည်မှီလျက်ရှိပါတယ်။ သို့ဖြစ်ရာ နိုင်ငံရေးပါတီများအနေဖြင့် လွတ်လပ်စွာ စည်းရုံးခွင့်ရှိသည်ဟူသော အချက်မှာ လျော်ကန်သင့်မြတ်လှပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အား ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ဖော်ဆောင်ရာတွင် ပါတီစုံအထွေထွေရွေးကောက်ပွဲနည်းလမ်းဖြင့် ဖော်ဆောင်ရန် မူများချမှတ်ထားပြီးဖြစ်ပါတယ်။ နိုင်ငံရေးပါတီတစ်ရပ်အဖြစ် ဖွဲ့စည်းပြီးဥပဒေနှင့်အညီ မှတ်ပုံတင်ထားခြင်း၏ အဓိကရည်ရွယ်ချက်မှာ ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်လျက် ပြည်သူများ၏ အဆုံးအဖြတ်ကို နာခံရမည့်သဘောသက်ရောက်ပြီးဖြစ်ပါတယ်။ ထို့အပြင် တရားဝင်မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီများမှ ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ရမည့် ကိုယ်စားလှယ်များအား မဲဆန္ဒရှင်ပြည်သူများက ကျယ်ကျယ်ပြန့်ပြန့် စိစစ်လေ့လာမှုများပြုလုပ်လျက် ရွေးချယ်တင်မြှောက်ခွင့်ရရှိခြင်းဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးကို ကောင်းစွာသယ်ပိုးနိုင်မည့်သူများ ရရှိရေးကို အထောက်အကူပြုစေနိုင်မည်ဖြစ်ပါတယ်။ ထို့မျှမက နိုင်ငံရေးပါတီများအနေဖြင့်လည်း မိမိတို့၏တာဝန်ရှိမှုနှင့် တာဝန်သိမှုတို့ကိုလည်း ထုတ်ဖော်ပြသရာ ရောက်ပါတယ်။

သို့ဖြစ်ရာ စုစည်းတင်ပြချက်အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၌ ပါရှိသည့် “ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်”ဟူသော အချက်မှာလည်း လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါတယ်။

နိုင်ငံရေးပါတီများသည် ဖော်ပြပါလုပ်ငန်းတာဝန်များကိုဆောင်ရွက်ရာ၌ ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းကိုသာ ခွင့်ပြုထားခြင်းဖြစ်သည့်အပြင် စုစည်းတင်ပြချက်အပိုဒ် ၁ ၌ ပါရှိသည့်“ဒို့တာဝန်အရေးသုံးပါးနှင့်အညီ လိုက်နာကျင့်သုံးရမည်”ဖြစ်သဖြင့် နိုင်ငံရေးပါတီများအနေဖြင့် အလွန့်အကျွံဖြစ်မှုများပေါ်ပေါက်ခြင်းမရှိစေရန် ဥပဒေအရ ထိန်းကျောင်းသွားနိုင်မည့် အနေအထား၌ ရှိနေမည်ဖြစ်ပါတယ်။

စုစည်းတင်ပြချက်အပိုဒ် ၄ တွင်“နိုင်ငံရေးပါတီတစ်ရပ်သည် အောက်ပါအကြောင်းတစ်ခုခုနှင့် ငြိစွန်းလျှင် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိစေရ–

(က) တည်ဆဲဥပဒေအရ မတရားအသင်းအဖြစ် ကြေညာခံရခြင်း၊

(ခ) နိုင်ငံတော်အားလက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်နေသော သောင်းကျန်းသူအဖွဲ့အစည်း၊ အကြမ်းဖက်လုပ်ရပ်များကိုကျူးလွန်သည်ဟု နိုင်ငံတော်ကသတ်မှတ်သော အဖွဲ့အစည်းနှင့်ပုဂ္ဂိုလ်များ သို့မဟုတ် မတရားအသင်းအဖြစ် ကြေညာခံထားရသောအဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ် ခြင်း သို့မဟုတ် အားပေးကူညီခြင်း၊

(ဂ) နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှ အစိုးရ သို့မဟုတ် ဘာသာရေး အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း၊

(ဃ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုခြင်း၊”

ဟူ၍ ဖော်ပြပါရှိပါတယ်။

စုစည်းတင်ပြချက်အပိုဒ် ၄ တွင် ပါရှိသည့် နိုင်ငံရေးပါတီများ ဆက်လက်ရပ်တည်ခွင့်မရှိသည့် အကြောင်းအချက်များမှာ အစဉ်အလာအရ ကျင့်သုံးခဲ့သည့် အချက်အလက်များပေါ်မူတည်၍ ပြောင်းလဲလာသည့်အခြေအနေများနှင့် လိုက်လျောညီထွေရှိစေရန် တင်ပြထားခြင်းဖြစ်ကြောင်းတွေ့ရှိရသဖြင့် လျော်ကန်သင့်မြတ်ကြောင်း တင်ပြပါတယ်။

အပိုဒ် ၄ အပိုဒ်ခွဲ(ဂ)၌ဖော်ပြပါရှိသည့် နိုင်ငံရေးပါတီတစ်ရပ်သည် ပြည်တွင်းပြည်ပမှ အင်အားစုများ၊ အဖွဲ့အစည်းများ၏ အကူအညီကိုရယူခြင်းဖြင့် အပြန်အလှန်သဘောအရ ကျေးဇူးတုံ့ပြန်မှုများပြုလုပ်ရမည်ဖြစ်သဖြင့် နိုင်ငံ့အကျိုးကို ထိပါးနိုင်ပါတယ်။ သို့ဖြစ်၍ နိုင်ငံရေးပါတီများအနေဖြင့် ပြည်တွင်းပြည်ပရှိ အင်အားစုများ၊ အဖွဲ့အစည်းများထံမှ ငွေကြေး၊ ပစ္စည်းနှင့် အခြားအထောက်အပံ့များကို ရယူသုံးစွဲပါက နိုင်ငံရေးပါတီတစ်ရပ် အနေဖြင့် ဆက်လက်ရပ်တည်ခွင့်မရှိစေသည့် သတ်မှတ်ချက်မှာ လျော်ကန်သင့်မြတ်ပါတယ်။

စုစည်းတင်ပြသည့် အပိုဒ် ၅ တွင် ဖော်ပြပါရှိသည့်‘နိုင်ငံရေးပါတီ တစ်ရပ်သည် အပိုဒ် ၄ အပိုဒ်ခွဲ(က) (ခ) (ဂ)နှင့် (ဃ)ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်းမှတ်ပုံတင်ခွင့်ပေးနိုင်သော အဖွဲ့အစည်းကတွေ့ရှိလျှင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ရမည်’ဟူသောအချက်နှင့် စပ်လျဉ်း၍ အထူးတလည် ထပ်မံဆွေးနွေးရန် မရှိပါကြောင်း တင်ပြအပ်ပါတယ်။

ထို့အပြင် စုစည်းတင်ပြချက်အပိုဒ် ၆ တွင် ပါရှိသည့်–

ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံရေးပါတီများနှင့်စပ်လျဉ်းသည့် လိုအပ်သောဥပဒေများကို ပြဋ္ဌာန်းရမည်ဟူသောအချက်မှာလည်း ဥပဒေများကို လွှတ်တော်များကသာ ပြဋ္ဌာန်းဆောင်ရွက်နိုင်ခွင့်ရှိသည့်အလျောက် ယခုအဆိုပြုချက်မှာ မလွဲမသွေဆောင်ရွက်ရမည့်ကိစ္စဖြစ်၍ လျော်ကန်သင့်မြတ်ပါတယ်။ သို့ရာတွင် ဥပဒေများပြဋ္ဌာန်းရာ၌ နိုင်ငံရေးပါတီများလိုက်နာရမည့်တာဝန် သတ်မှတ်ချက်များပါရှိသကဲ့သို့ ရှိသင့် ရှိအပ်သည့်လုပ်ပိုင်ခွင့်များ ပါရှိစေရေးအတွက်တို့ကိုပါ အလေးအနက်အထား၍ ထည့်သွင်းစဉ်းစားဆောင်ရွက်သွားသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ပါတီစုံအထွေထွေရွေးကောက်ပွဲစနစ်ဖြင့် ဖော်ဆောင်ရာတွင် နိုင်ငံရေးပါတီများ၏ ရှင်သန်ရပ်တည်နိုင်မှုသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားဖော်ဆောင်နိုင်မှုများနှင့် ဆက်နွှယ်လျက်ရှိပါတယ်။

သို့ဖြစ်ရာ အရည်အချင်းပြည့်ဝသော ပါတီများအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ရန်လိုအပ်ပါတယ်။

နိုင်ငံရေးပါတီများမှာ ပြည်သူလူထု၏လိုလားချက်နှင့် ဆန္ဒများကို ညီညွတ်စွာစုစည်းဖော်ဆောင်နိုင်ရေး ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သဖြင့် နိုင်ငံရေးပါတီများ၏ ဒီမိုကရေစီကို မှန်ကန်စွာကျင့်သုံးနိုင်ခွင့်နှင့် ပြည်သူတို့ကို စစ်မှန်စွာကိုယ်စားပြုခွင့်ရရှိရန် လိုအပ်ပါတယ်။ နိုင်ငံတကာနှင့် မြန်မာနိုင်ငံ၌ ပေါ်ပေါက်ခဲ့သည့်ပါတီစုံစနစ်အတွေ့အကြုံနှင့် ဖြစ်စဉ်ဖြစ်ရပ်များအပေါ် လေ့လာဆန်းစစ်မှုများကို အခြေခံလျက် နိုင်ငံတော်တွင် ဖော်ဆောင်မည့်ပါတီစုံစနစ်မှာ ဂုဏ်သိက္ခာရှိသော ပါတီစုံစနစ်ဖြစ်ရန် လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားများကို အောင်မြင်စွာ ဖော်ဆောင်နိုင်ရေး၌ နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍမှာလည်း အရေးပါသည့် အနေအထားရှိနေပါတယ်။

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံရေးပါတီများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးရာတွင်လည်း ‘နိုင်ငံတစ်နိုင်ငံတွင် ခိုင်မာသည့် စနစ်တကျဖွဲ့စည်းထားတဲ့ နိုင်ငံရေးပါတီများကဦးဆောင်မှုပေးနိုင်မှသာလျှင် တိုင်းပြည်တိုးတက်မှာဖြစ်ပါတယ်။ အဲဒီလို ပါတီမျိုးရှိစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သင့်တော်သောမူများကိုချမှတ်ပြဋ္ဌာန်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပါတီစုံဒီမိုကရေစီ၏အနှစ်သာရကို မပျက်စေဘဲ နိုင်ငံရေးပါတီများကို စနစ်တကျဖွဲ့စည်းသင့်ပါတယ်’ဟူ၍ ရှင်းလင်းပြောကြားခဲ့ပါတယ်။

နိုင်ငံရေးပါတီများ၏အခန်းကဏ္ဍပေါ်လွင်စေရေးနှင့် မှန်ကန်စွာအသုံးချနိုင်ခွင့်ရရှိရေးတို့အတွက် နိုင်ငံတော်အနေဖြင့် အသိအမှတ်ပြုခြင်း၊ အားပေးကူညီခြင်းများပြုလုပ်သင့်ပါတယ်။

သို့ဖြစ်ရာ နိုင်ငံရေးပါတီများအခန်းနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏စုစည်းတင်ပြချက်များသည် နိုင်ငံရေးပါတီများ၏ ရေရှည်ရပ်တည်နိုင်ရေးနှင့် နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကိုထိရောက်စွာ သယ်ပိုးပေးနိုင်မည့် အမျိုးသားရေးအင်အားစုကြီး ဖြစ်လာနိုင်ရေးအတွက် အထောက်အကူပြုစေသည့် စုစည်းတင်ပြချက်များဖြစ်ကြောင်းတွေ့ရှိရသဖြင့် အသေးစိတ်အခြေခံရမည့် မူများအဖြစ်ချမှတ်ရန် လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များအခန်းနှင့်စပ်လျဉ်း၍ ဆက်လက်တင်ပြဆွေးနွေးသွားမည်ဖြစ်ပါတယ်။ ၂၀၀၆ခုနှစ် အောက်တိုဘာလ၃၁ရက်နေ့တွင်ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းနှင့်စပ်လျဉ်း၍ ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့် မူ(၂၃)ချက်ကို စုစည်းတင်ပြခဲ့ပါတယ်။

စုစည်းတင်ပြချက်အပိုဒ် ၁ တွင်ပါရှိသည့် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်စွမ်းမရှိသည့်အခြေအနေမျိုး၌ နိုင်ငံတော်သမ္မတက အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီနှင့်ညှိနှိုင်းပြီး အရေးပေါ်အခြေအနေကြေညာပိုင်ခွင့်ရှိသည် ဟူသောအချက်မှာ လျော်ကန်သင့်မြတ်ပါတယ်။

စုစည်းတင်ပြချက်အပိုဒ် ၂ တွင်ပါရှိသည့် အပိုဒ် ၁ အရ အရေးပေါ်အခြေအနေကြေညာသည့်ကိစ္စရပ်တွင် နိုင်ငံတော်သမ္မတအနေဖြင့် အုပ်ချုပ်ရေးအာဏာရယူသုံးစွဲခွင့်၊ သင့်လျော်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို လွှဲအပ်ဆောင်ရွက်နိုင်ခွင့်ရှိမှုနှင့် ယင်းသို့ဆောင်ရွက်ရာတွင် ဥပဒေပြုမှုအာဏာကိုမူ ကိုယ်တိုင်ဆောင်ရွက်ရန်သတ်မှတ်ချက်မှာလည်း လျော်ကန်သင့်မြတ်ပါတယ်။

နိုင်ငံရေးပါတီတစ်ရပ်သည် ပြည်တွင်းပြည်ပမှ အင်အားစုများ၊ အဖွဲ့အစည်းများ၏ အကူအညီကိုရယူခြင်းဖြင့် အပြန်အလှန်သဘောအရ ကျေးဇူးတုံ့ပြန်မှုများ ပြုလုပ်ရမည် ဖြစ်သဖြင့် နိုင်ငံ့အကျိုးကို ထိပါးနိုင်၊ သို့ဖြစ်၍ နိုင်ငံရေးပါတီများအနေဖြင့် ပြည်တွင်းပြည်ပရှိ အင်အားစုများ၊ အဖွဲ့အစည်းများထံမှ ငွေကြေး၊ ပစ္စည်းနှင့် အခြား အထောက်အပံ့များကို ရယူသုံးစွဲပါက နိုင်ငံရေးပါတီတစ်ရပ်အနေဖြင့် ဆက်လက်ရပ်တည်ခွင့်မရှိစေသည့် သတ်မှတ်ချက်မှာ လျော်ကန်သင့်မြတ်။

နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့်ညှိနှိုင်းပြီး အရေးပေါ်အခြေအနေ ကြေညာပိုင်ခွင့်ရှိခြင်းမှာ လျော်ကန်သင့်မြတ်

စုစည်းတင်ပြချက်အပိုဒ် ၄ ၌ပါရှိသော အပိုဒ် ၃ အရ အရေးပေါ်အခြေအနေကြေညာသည့် ကိစ္စရပ်တွင် နိုင်ငံတော်သမ္မတသည် တပ်မတော်၏ အကူအညီကို ရယူနိုင်ခွင့် လိုအပ်ပါက စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်နိုင်ခွင့်နှင့် တာဝန်ယေးပင်ခြင်းခံရသည့် တပ်မတော်ကကာကွယ်ရေးဦးစီးချုပ်သည် ယင်းတာဝန်များကို မိမိကိုယ်တိုင်ဖြစ်စေ၊ သင့်တော်သည့် စစ်ဘက်အာဏာပိုင် တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်တာဝန် ထမ်းဆောင်စေခြင်းတို့မှာ လျော်ကန်သင့်မြတ်ပါတယ်။

စုစည်းတင်ပြချက် အပိုဒ် ၅ ၌ အရေးပေါ်အခြေအနေ ကြေညာသည့် အမိန့်တွင် နယ်မြေဒေသနှင့် အချိန်ကာလတို့ကို သတ်မှတ်ဖော်ပြရန် ဟူသော အချက်သည် အရေးပေါ်အခြေအနေသတ်မှတ်သည့် ဒေသနှင့် အချိန်ကာလကို လိုအပ်သည်ထက် ပိုမိမိရှိစေရန် ရည်ရွယ်ထားခြင်းဖြစ်သည်အပြင် အပိုဒ် ၅(ခ) တွင်ပါရှိသည့် လိုအပ်ပါက နိုင်ငံသားများ၏အခွင့်အရေးကို ကန့်သတ်နိုင်ခွင့် ပေးထားခြင်းမှာ မလွဲမရောင်သာ ဆောင်ရွက်ရမည့်အခြေအနေမျိုး၌ ဆောင်ရွက်နိုင်ခွင့်ရရှိစေရန် ရည်ရွယ်ထားခြင်းဖြစ်သည်ဖြင့် လျော်ကန်သင့်မြတ်ပါတယ်။

စုစည်းတင်ပြချက် အပိုဒ်၆ တွင် နိုင်ငံတော်သမ္မတသည် အရေးပေါ်အခြေအနေကြေညာခြင်းနှင့် အရေးယူဆောင်ရွက်ချက်များကို ရက်ပေါင်း ၆၀အတွင်း အနီးကပ်ဆုံး ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြအတည်ပြုချက် ရယူရန်နှင့် ပုံမှန်အစည်းအဝေးကျင်းပချိန် မဟုတ်လျှင် အရေးပေါ်အစည်းအဝေး(၆)ယူ ကျင်းပစေလျက် အတည်ပြုချက်ရယူရန်ဟူသော အချက်များ မှာလည်း လျော်ကန်သင့်မြတ်ပါတယ်။

စုစည်းတင်ပြချက် အပိုဒ်၇ တွင် အပိုဒ် ၆ အရ နိုင်ငံတော်သမ္မတ၏ တင်ပြချက်ကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေး အတည်ပြုခြင်း၊ အချိန်ကာလ ထပ်မံတိုးမြှင့်နိုင်ခြင်းနှင့် အကယ်၍ အတည်မပြုပါက အာဏာတည်ခြင်းမှ ရပ်စဲစေမှတို့သည် ပြည်ထောင်စုလွှတ်တော်၏ အခန်းကဏ္ဍကို ပေါ်လွင်စေသဖြင့် လျော်ကန်သင့်မြတ်ပါတယ်။ ထို့အပြင် စုစည်းတင်ပြချက် အပိုဒ် ၈ တွင် ပါရှိသည့် ပြည်ထောင်စုပြိုကွဲစေမည့်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲစေမည့် သို့မဟုတ် အချုပ်အခြာအာဏာလက်လွှတ်ဆုံးရှုံးစေမည့် အခြေအနေမျိုးတွင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့် ထုတ်ပြန်၍ အရေးပေါ်အခြေအနေကြေညာခွင့် ပေးထားခြင်းနှင့် စပ်လျဉ်း၍ ထပ်မံဆွေးနွေးရန်မရှိပါကြောင်း တင်ပြအပ်ပါတယ်။

စုစည်းတင်ပြချက် အပိုဒ် ၉ ၌ အရေးပေါ်အခြေအနေကြေညာသည့် ကိစ္စရပ်များတွင် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အတွင်း မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေရန်အလို့ငှာ တပ်မတော်ကကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏အာဏာ(၃)ရပ်ကို လွှဲအပ်နိုင်ခွင့်၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများမှအပ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သက်ဆိုင်ရာ လွှတ်တော်များ၏ သဘောတူညီချက်ဖြင့် တာဝန်ယေးအပ်ထားသည့် အဖွဲ့ဝင်များအား တာဝန်မှ ရပ်ဆိုစေရမည်ဟူသော အချက်များနှင့်စပ်လျဉ်း၍လည်း ဖြည့်စွက် ဆွေးနွေးရန် မရှိပါကြောင်း တင်ပြအပ်ပါတယ်။

စုစည်းတင်ပြချက်အပိုဒ် ၁၀ ၌ ပါရှိသော တပ်မတော်ကကာကွယ်ရေးဦးစီးချုပ်သည် အာဏာ(၃)ရပ်ကို မိမိကိုယ်တိုင် ကျင့်သုံးခွင့်ပြုမှု၊ အခြားသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအား လွှဲပြောင်းဆောင်ရွက်နိုင်ခွင့်ရှိမှုနှင့် စုစည်းတင်ပြချက် အပိုဒ် ၁၁ ၌ပါရှိသည့် တပ်မတော်ကကာကွယ်ရေးဦးစီးချုပ်သည် အရေးပေါ်အခြေအနေ ကြေညာထားစဉ် ကာလအတွင်း နိုင်ငံသားများ၏ မူလအခွင့်အရေးများကို လိုအပ်သလို ကန့်သတ်နိုင်မှုနှင့် ရပ်ဆိုင်းထားနိုင်မှုတို့နှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးရန် မရှိပါကြောင်း တင်ပြအပ်ပါတယ်။

စုစည်းတင်ပြချက် အပိုဒ် ၁၂တွင် ပါရှိသည့် နိုင်ငံတော်သမ္မတအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် တပ်မတော်ကကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့် တာဝန်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း တင်ပြလာပါက တစ်ကြိမ်လျှင် ခြောက်လေးဖြင့်နှစ်ကြိမ် တိုးမြှင့်ပေးနိုင်မှုနှင့် ယင်းကိစ္စကို ပြည်ထောင်စုအရေးပေါ်အစည်းအဝေး ခေါ်ယူတင်ပြရန်ဟူသော အချက်များမှာ လျော်ကန်သင့်မြတ်ပါတယ်။

စုစည်းတင်ပြချက် အပိုဒ် ၁၃ ၌ ပါရှိသည့် နိုင်ငံတော်သမ္မတအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ တပ်မတော်ကကာကွယ်ရေးဦးစီးချုပ်ကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးကြောင်း၊ တင်ပြလာပါက ပြည်ထောင်စုလွှတ်တော်ကို ပြန်ကြားရန်နှင့် ဆောင်ရွက်ပြီးကြောင်း ပြန်ကြားချက်ကို ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ကို လွှဲအပ်ဆောင်ရွက်စေသည့်ကိစ္စနှင့် စပ်လျဉ်း၍ တပ်မတော်ကကာကွယ်ရေးဦးစီးချုပ်ကို ဆက်လက်ဖော်ပြသွားပါမည်။

အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်ပြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ အကြံပြုတင်ပြချက်စာတမ်းများကို ဆက်လက်ဖော်ပြသွားပါမည်

ရန်ကုန် နိုဝင်ဘာ ၂၇

ရန်ကုန်တိုင်း ဓမ္မာဘိဒြိုနယ် ဦးသန့်စပ်ဝင်စေနိုင်၌ ၂၀၀၆ခုနှစ် နိုဝင်ဘာ၂၇ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအနန်း၊ နိုင်ငံရေးပါတီများ အခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအနန်းတို့အတွက် ရေးဖွဲ့တင်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်ပြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များဖြစ်ကြသည့် ပြည်ထောင်စုပအိုင်းအမျိုးသားအဖွဲ့ဝိုမှ ဦးခွန်မောင်တုတ် ဖတ်ကြားတင်ပြသည့် ပြည်ထောင်စု ပအိုင်းအမျိုးသားအဖွဲ့ဝိုမှ ဦးခေါ်ဒိုင်ဗတ်ကြားတင်ပြသည့် ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ၏ အကြံပြုတင်ပြချက်စာတမ်းနှင့် မြို့(ခေါ်)ဝမ် အမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးစိန်ထွန်း ဖတ်ကြားတင်ပြသည့် မြို့(ခေါ်)ဝမ် အမျိုးသားညီညွတ်ရေးအဖွဲ့၏ အကြံပြုချက်စာတမ်းတို့ကို သတင်းစာများတွင် ဆက်လက်ဖော်ပြသွားပါမည်။ (သတင်းစဉ်)

ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) သံဃာတော်များအား ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက တစ်နေ့တာဆွမ်းလှူ

ရန်ကုန် နိုဝင်ဘာ ၂၇

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ သင်ကြားစီမံ ဆရာတော်များနှင့် သင်တန်းသား သံဃာတော် ၃၇၄ပါးတို့အား ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ခေါ်ကြည်ညိုဝင်းတို့အား အမှူးထား၍ ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက တစ်နေ့တာ ဆွမ်းနှင့် လူမှုယဉ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀နာရီခွဲက ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပသည်။

တက်ရောက်ကြည်ညိုပြီ

ရှေ့ဒါန်းပွဲအခမ်းအနားသို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)၏ သုတ္တန္တ ဝိဇ္ဇာမဟာဌာန ပါမောက္ခ အဂ္ဂမဟာဂန္ဓာဝါစကပဏ္ဍိတ ဘဒ္ဒန္တ သုစိတ္တ အရှင်သုမြတ် ကြွရောက် ချီးမြှင့်တော်မူပြီး ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရာဝပ်ရှင်လုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးအောင်မျိုးမြင့်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများတက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)၏ ပါမောက္ခ အဂ္ဂမဟာဂန္ဓာဝါစကပဏ္ဍိတ ဘဒ္ဒန္တ သုစိတ္တထံမှ ဝန်ထမ်းမိသားစုများက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

လက်ခံ

ယင်းနောက် ပါမောက္ခ ဆရာတော်ထံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး ခေါ်ကြည်ကြည်ဝင်းတို့အား အမှူးထား၍ မြန်မာ့ရာဝပ်ရှင်လုပ်ငန်း ညွှန်ကြားရေးမှူး ဦးသိန်းထွန်းအောင်က လူဖွယ်ပစ္စည်းများနှင့် တစ်နေ့တာ ဆွမ်းလှူတော်ကွေကျယ်နှစ်သိန်းခွဲကို ပေးအပ်လှူဒါန်းရာ သာသနာ့တော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ခေါ်အောင်ကြည်က လက်ခံသည်။

(အပေါ်ပုံ)

ထို့နောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်(ရန်ကုန်)၏ ပါမောက္ခဆရာတော်ထံမှ အနုမောနာ တရားနာယူကြပြီး လူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချမည်ဖြစ်ကြောင်း သိရသည်။ **(ဂ-၀)**

ဆွမ်းသိမ်းအောင်ပွဲနှင့် ဓာတုအောင်သံဃာပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၇

ရန်ကုန်တိုင်း အင်းစိန်ဗြိုနယ် ဓော်ဘွားကြီးကုန်းရပ်ကွက် ရပ်ကွက်လုံးဆိုင်ရာ သိဒ္ဓိအောင်မွှေ့ရဲကြီးတွင် (၂၇)ကြိမ်မြောက် ဆွမ်းသိမ်းအောင်ပွဲနှင့် စာအောင်သံဃာပူဇော်ပွဲကျင်းပမည်ဖြစ်ရာ ဒီဇင်ဘာ ၁ရက်သည်တွင် ဘဒ္ဒန္တ နန္ဒသာမီဘိဝံသ အဂ္ဂမဟာ ပဏ္ဍိတ ဓမ္မာစရိယ ကန်ဦးဇေတဝန်စာသင်တိုက် မရမ်းကုန်းဗြိုနယ် ဆရာတော်ကလည်းကောင်း၊ ဒီဇင်ဘာ ၂ရက်သည့် ဘဒ္ဒန္တ နန္ဒသာရ မဟာ ဂဏ္ဌ ဝါစက ပဏ္ဍိတ ဓမ္မာစရိယ အသောကာရုံ ရွှေကျင်စာသင်တိုက် အင်းစိန်ဗြိုနယ် ဆရာတော်ကလည်းကောင်း တရားတော်များ ဟောကြားပြီး ဒီဇင်ဘာ၃ရက်တွင် စာအောင်သံဃာတော်များအား ကျမ်းစာအုပ်များ ဆက်ကပ်လှူဒါန်းခြင်း၊ ပဒေသာပင်များအား စာရေးတံမဲချလှူဒါန်းခြင်း၊ မြို့နယ်ရပ်ကွက်ရှိ ပင့်သံဃာ ၄၅ပါးအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အစရှိသော လှူဒါန်းမှု ဒါနအစုစုတို့ကို ရေစက်သွန်းချမည်ဖြစ်ကြောင်း သိရသည်။ **(ဂ-၀)**

မင်္ဂလာဗျူဟာ ပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၇

ဗဟာန်းမြို့နယ် အာစရနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ် ဗုဒ္ဓဘာသာ သင်တန်းကျောင်းတွင် ဒီဇင်ဘာ ၄ရက် (တနင်္လာနေ့) နံနက်၉နာရီ၌ (၃၁) ကြိမ်မြောက် ဓမ္မစာစရိတော်နေ့ ပူဇော်ပွဲတွင် ပိဋကတဗျူဟာအဖွဲ့ သြဝါဒါစရိယ ဆရာတော်ကြီးများထံမှ သြဝါဒခံယူ ပူဇော်ပွဲပြုလုပ်၍ မွန်းလွဲခနာ့ဂိုဏ်တွင် သြဝါဒါစရိယ ဆရာတော်ကြီးဖြစ်သော တိပိဋကစရ ဓမ္မာဘဏ္ဍာဂါရိက အဂ္ဂ မဟာပဏ္ဍိတ အရှင်သိရိနန္ဒဘိဝံသ (ယော)ဆရာတော်က ဓမ္မစာဆိုတော်နေ့ တရားကိုဟောကြားမည်ဖြစ်ရာ အသင်းဝင်များ၊ ဓမ္မစာပေ သင်တန်းသားများ၊ ဓမ္မမိတ်ဆွေများ ကြွရောက်နာယူ ပူဇော်ကြရန် လေးခြတ်စွာ ဖိတ်ကြားထားကြောင်း သိရသည်။ **(၃၅)**

ဘယ်လို နိုင်ငံရေးသမားလဲ

နိုဒါန်း

သမိုးကြီးက လူမှုရေးပညာတွဲ.လွန် ဒီပလိုမာသင်တန်း တက်နေတာမို့ စိတ်ပညာဘာသာရပ်စာတွေ သင်ယူနေပါတယ်။ လူမှုရေးစိတ်ပညာမှ အုပ်စုအဟုန်(Group Dynamic)အကြောင်း အင်္ဂလိပ်လို အခေါ်ကခေါ်ကဆခေါ်ဖတ်ပြီး ကျက်မှတ်နေသ.ကို ကြားရတော့ စာရေးသူရဲ.စိတ်ထဲမှာ အတိတ်ကာလ နှစ်ပေါင်း၄၀ခန့်သို့ ပြန်လည်သတိရသွားမိပါတယ်။ ၁၉၆၆မှ ၇၀ပြည့်နှစ်အထိ မန္တ လေးတက္ကသိုလ်မှာ ကျွန်တော် စာသင်ခဲ့တာကိုး။ အုပ်စုအဟုန်သဘောကို ကျောင်းသင်ခန်းစာအဖြစ် လူမှုရေးစိတ်ပညာမှာ သင်ယူခဲ့ဖူးတယ်။ ဝန်ထမ်းဘဝ၊ လုပ်ငန်းခွင်ဘဝ တွေမှာလည်း အဲဒီသင်ခန်းစာတွေကို အခွင့်ကြုံတဲ့အခါ အသုံးချခဲ့ရတယ်။ တက္ကသိုလ်မှာ သင်ကြားလိုက်တဲ့ပညာတွေဟာ အသုံးချမှုတန်ဖိုး၊ သုတေသနတန်ဖိုး၊ ပညာရပ်ဆိုင်ရာ တိုးတက်ဖွံ.ဖြိုးစေတဲ့အကျိုး စသည်ဖြင့် အခွင့်သာရင်သာသလို၊ အခြေအနေပေးရင်ပေးသလို အကြောင်းရင်းခံ တရားအဖြစ် အကျိုးပြုပါတယ်။ "မင်းတို့သင်ခဲ့ရတဲ့ စိတ်ပညာဘာသာရပ်က လက်တွေ.ဘဝမှာ ဘာများအသုံးကျလို့လဲ "ရယ်လို့ တုံးတိတိ မေးလာခဲ့ရင်တော့ မေးတဲ့သူ ကျေနပ်လောက်အောင် ဖြေတတ်ပါ့မလားမသိ။ ဟုတ်ကဲ့၊ မိမိဟာ ပညာကြွယ်သူတော့ မဟုတ်။

အုပ်စုအဟုန်အကြောင်းကို တကယ်တော့ တက္ကသိုလ်ပရဝဏ်ထဲက စိတ်ပညာ ကျောင်းသားကျောင်းသူများသာ သိအပ်တယ်လို့ စာရေးသူ မထင်ဘူး။ တက္ကသိုလ်များစွာရှိ အခြားဘာသာရပ်တွေ ဓာတု၊ ရူပ၊ သချာ၊ သမိုင်း၊ ပါဠိ စတဲ့ ကျောင်းသားတွေလည်း သိရင်ကောင်းတာပဲ။ တက္ကသိုလ်ပြင်ပမှ သာမန်ပြည်သူတွေ သိရှိကြရင်လည်း ကောင်းတာပါပဲလို့ ထွေးတောမိပါတယ်။ အုပ်စုအဟုန်အကြောင်းဟာ စိတ်ဝင်စားစရာ ကောင်းပါတယ်။ တိကျအောင် မှတ်မိသမျှ ဂဏန်းထိုးပြီး ဖော်ပြခွင့်ပြုပါ–

အုပ်စုအဟုန်

(၁) အုပ်စုအဟုန်သဘော မစတင်ရသေးမီ အုပ်စုဖွဲ.ခြင်းဆိုတာက ပထမဦးဆုံး ပေါ်ပေါက်တယ်။ အစတော့ ဇော်လန်ထရီစိတ်ပါတဲ့ နှစ်ယောက်၊ သုံးယောက်က စတာပဲ။ တစ်စတစ်စနဲ. စိတ်မပါတဲ့ လူကိုလည်း ဆွဲထည့်လာတော့တယ်။ အုပ်စုက နည်းနည်းတောင့် လာပြီဆိုရင် မပါမနေရဆိုပြီး အတင်းဆွဲထည့်တာကြောင့် ကန့်လန့်ကန့်လန့်.ပါလာတဲ့လူစားတွေလည်း ရှိလာတတ်တယ်။ (ဟာ– ဒီလိုသဘောသဘာဝတွေကို မျက်ခုံးပေါ်စကြီးလျှောက်နေချင်တဲ့ ငတိတွေက အသုံးချနေကြပါလားလို့ အကွင်းအကွင်း အထင်းသားရိပ်မိလောက်ပါပြီ။)

(၂) အုပ်စုဆိုတာဖွဲ့ပြီးရင် ခေါင်းဆောင်ဆိုတာ ပေါ်လာတယ်။ လူအများစုကို တစ်နည်းနည်းနဲ. လွှမ်းမိုးချုပ်ကိုင်နိုင်တဲ့လူက ခေါင်းဆောင် တက်လုပ်တာပဲ။ ဘယ်သူက ခန့်ခန့်၊ မခန့်ခန့်၊ သူ.ဘာသာသူ ခေါင်းဆောင်ဆိုပြီး မျက်နှာပြောင်ပြောင်နဲ. လုပ်တတ်တဲ့လူလည်း ရှိတယ်။ အများက တင်မြှောက်လို့ ဖြစ်ပေါ်လာတဲ့ လူမျိုးလည်း ရှိတယ်။ ခန့်ခန့်၊ ရွေးရွေး အုပ်စုရှိရင် ခေါင်းဆောင်ရှိရတယ်။ ဒါဟာ သဘာဝပါပဲ။

(၃) အုပ်စုထဲမှာ အခန်းကဏ္ဍခွဲခြားခြင်းနဲ. တာဝန်ယူမှုတွေ၊ ခွဲဝေတာတွေ ရှိလာရပါတယ်။ ကောင်းတာပဲ လုပ်လုပ်၊ ဆိုးတာပဲ လုပ်လုပ်၊ ကွဲပြားတဲ့၊ ခြားနားတဲ့ တာဝန်တွေ၊ အခန်းကဏ္ဍတွေကို ပိုင်းခြားခွဲဝေပြီး လုပ်ကြရတယ်။ (လျင်တဲ့ ငနဲတွေက ပေါင်ရမ်နဲ.ကို ဘယ်ဘက်က ယိုနဲ.ထောပတ် သုတ်သလဲ ကြည့်တတ်ကြတယ်။ ထောင်ကျစရာရှိရင် မင်းတို့ခံကြ။ သံရုံးဧည့်ခံပွဲ တက်မယ်။ နာမည်ကောင်း ယူစရာရှိတယ်။ အဲဒီအလုပ်မှာ ငါပါမှ ဖြစ်မယ်။ အဲဒီလို လူစားတွေ အများကြီး မြင်ရမယ်။)

(၄) ဆုံးဖြတ်ချက်ချမှတ်ခြင်း ဖြစ်စဉ်ဆိုတာရှိတယ်။ အဲဒါဟာ တစ်ဖိုလ်တစ်မင်း ချုပ်ကိုင်ထားသလား။ အများဆန္ဒနဲ. အုပ်စုတွင်း ဒီမိုကရေစီ ရှိသလား။ အဲဒါဟာ ရေရှည်ရှင်သန်ရေးအတွက် ဘယ်ပါတီမဆို အရေးကြီးတယ်။ ဗဟပ ချုပ်ပြီမိုးရခြင်း၊ လမ်းစဉ်ပါတီ ချုပ်ပြီမိုးရခြင်းစတဲ့ သင်ခန်းစာတွေက သမိုင်းစာမျက်နှာတွေထဲမှာ ဖော်ပြခဲ့ကြတယ်။

(၅) အုပ်စုကြီးတစ်ခုထဲမှာ အုပ်စုခွဲသေးသေးလေးတွေ ခွဲခြားဖွဲ.စည်းရတတ်ပါသေးတယ်။ အလှူတစ်ခုမှာ မဏ္ဍပ်ဆောက်တဲ့အဖွဲ.၊ ဆိုင်းအငြိမ်ဝှာတဲ့အဖွဲ.၊ ထမင်းဟင်းချက်ရတဲ့ အိုးသုကြီးအဖွဲ.၊ ကျွေးမွေးရေးအဖွဲ.၊ ဧည့်ခံရေးအဖွဲ.၊ သံယာတော်များ ပင့်ဖိတ် စီမံတဲ့အဖွဲ. စသည်ဖြင့်ပေါ့။

အချို့က အပေါင်းလက္ခဏာသဘော၊ အဖွဲ.ငယ်ချင်း ဆက်သွယ်တယ်။ အချို့က အနုတ်လက္ခဏာသဘော၊ အဖွဲ.အချင်းချင်းဆက်ဒွန်ယှဉ်မှု ဆက်ဆံမှုတွေ မတူကြဘူး။

(၆) လွှမ်းမိုးတဲ့လူများ၊အာဏာပါဝါ၊ တြိဂံဖွဲ.စည်းပုံမျိုးဖြင့် လက်အောက်သို့ ဖြန့်ဖြာခြင်း အုပ်စုအတွင်းမှာ ဒီသဘောတွေဟာ မပါမဖြိုးဘဲ။ တတ်ကျွမ်းတဲ့လူက လွှမ်းမိုးရင် အဲဒီအုပ်စု ခိုင်မာတိုးတက်တာပေါ့။ ဒါပေမယ့် ဘောင်မဝင်ဘဲနဲ. အတင်းအမမ္ခ လွှမ်းမိုးခြယ်လှယ်ချင်သူတွေလဲ အုပ်စုအတွင်းထဲမှာ ရှိတတ်တယ်။ ပြဿနာပဲ။

(၇) ဘယ်အုပ်စုမျိုးမှာမဆို ရောင်လွှဲလို့.မရတဲ့ အခြေအနေတစ်ခုကတော့ သင်းကွဲ၊ တစ်ကိုယ်တော်၊ သီးသန့်.သမားတွေ ရှိတတ်တယ်ဆိုတာပဲ။ ရှိပါစေ။ သူ.ဘာသာသူ သင်းကွဲနေတတ်တဲ့သဘာဝကြောင့် နေတဲ့လူစားလဲ ရှိတယ်။ ဝိုင်းပယ်ခံရလို့. အထီးကျန် တစ်ကိုယ်တော် နေရတဲ့ လူစားမျိုးလည်း ရှိတတ်တယ်။ ဒါဟာ သဘာဝပဲ။ ရောင်လွှဲလို့ မရဘူး။

ချစ်နိုင် (စိတ်ပညာ)

(၈) အုပ်စုယူနစ်များဆိုတာ အုပ်စုကြီးထဲမှာ ရှိကြသေးတယ်။ သီချင်းဆိုဝါသနာပါသူချင်း၊ ဂေါက်သီးရိုက်ဝါသနာပါသူချင်း၊ အရက်သောက်တတ်တာတူသူချင်း အုပ်စုလေးတွေ၊ အုပ်စုလေးတွေ ဖွဲ.မိသွားတတ်ကြတယ်။ ဥပသံသီလ အတူစောင့်ကြသူချင်း၊ ရန်ဖြစ်ခဲမေမယ့် အရက်သောက်သူအတွဲချင်း ခေါင်းကွဲအောင် ရန်ဖွဲ့ဖြစ်တာလည်း တွေ.ဖူးမှာပေါ့။ အုပ်စုယူနစ်ကလေးတွေရဲ. သဘာဝကလည်း ဝိသေသ သဘောတွေ ရှိသေးတယ်။

(၉) အခြားအုပ်စုများနဲ. ဘယ်လိုပေါင်းစည်းသလဲ။ ဘယ်လိုပေါင်းစပ်သလဲ။ ဘယ်ပုံဘယ်နည်း ဆက်ဆံသလဲ။ အုပ်စုရဲ. ရပ်တည်ချက် (Group Identity) ဆိုတာ ရှိရတယ်။ ဒီလက္ခဏာ ဒီအချက်ဟာ အုပ်စုရှင်သန်ရေးအတွက် အရေးအကြီးဆုံးပဲ။ ခွဲခြားသိနိုင်တဲ့ သူ.ရဲ. အဓိက လက္ခဏာဟာဘာလဲ။ လူအများကို အကျိုးပြုဖို့ ရည်ရွယ်ချက်လား။ ဖျက်ဆီးချေမှုန်း၊ ပျက်သုဉ်းအောင် ပြုလုပ်ဖို့ ရည်ရွယ်ချက်လား။ သူသွားတဲ့လမ်းအတိုင်း သူ.ရဲ.ရေးအဆုံးပန်းတိုင်ဟာ ရောက်ရှိသွားလိမ့်မယ် ဖြစ်ပါတယ်။ ချစ်တာတွေ၊ မုန်းတာတွေနဲ. ဘယ်လိုမှ မပတ်သက်ဘူး။ သူ.လမ်း သူသွားမှာပဲ။

ခံစားမှု

ဟုတ်ကဲ့–မိမိဟာ ပညာကြွယ်သူတော့ မဟုတ်ပါ။

ယခု စာရေးသူတင်ပြတာက ဘယ်သူဘယ်ဝါရဲ. အကြောင်းကိုမှ ဖော်ပြနေခြင်း မဟုတ်ပါဘူး။ လွန်ခဲ့သောနှစ်ကာလ ၄၀လောက်ဆီက မိမိသင်ယူခဲ့တဲ့ ကျောင်းသင်ခန်းစာကို ယနေ့ သမိုးကြီးက(အင်္ဂလိပ်လို) ကျက်မှတ်နေသ.ကြားရတော့ စိတ်ထဲပေါ်လာတာ ရေးသားမိခြင်းပါ။ လာတော့မည် ပါတီစုဒီမိုကရေစီစနစ်မှာ ဒီသဘောတွေ တွေ.မြင်ကြရပါတော့မယ်။

လွန်ခဲ့တဲ့ အတိတ်ကာလ အနှစ် ၄၀ဆိုတာ ကျွန်တော်တို့ တော်တော်ခေတ်နောက်ကျပါတယ်။ အုပ်စုအဟုန် Group Dynamic ဆိုတာ တက္ကသိုလ်စာသင်ခန်းထဲရောက်မှ ကြားဖူးတာပါ။ အုပ်စုအဟုန် သဘောဟာ မအော်ရဲတဲ့ လူစားကို အော်ပာစေနိုင်တယ်။ မဆဲဖူးတဲ့ လူမျိုးကို ဆဲတတ်စေတယ်။ ခဲနဲ.မပေါက်ဝံ့တဲ့သူတွေကို ခဲနဲ.ထုအောင် သွေးဆောင်နိုင်တယ်။ မီးမရှို.ရဲလောက်ပါဘူး ထင်ရတဲ့ လူတွေကို မီးရှို.အောင် မြှောက်ထိုးပင့်ကော် လုပ်နိုင်ပါသေးတယ်။ လူ.အပြုအမူ သိပ္ပံရဲ. တွေ.ရှိချက်တွေပါ။

အန္တ ရာယ်မီးကိုမွေးသူ

မသမာတဲ့ နိုင်ငံရေးသမားအချို့ဟာ ဆူပူမှု၊ အုံကြွမှုတွေ ဖြစ်ပေါ်အောင် အထက်ပါ နည်းအပါအဝင် နည်းမျိုးစုံနဲ. မန်းမွတ်နေကြပါတယ်။ ဗိုက်လဲ ဗိုက်မဲပါတယ်။ လွဲလဲ လွဲမှားပါတယ်။ ယုတ်လဲ ယုတ်ညံ့ပါတယ်။ အတော်ဆိုးပါတယ်။ တလွဲ ဆပ်ဝင်ကောင်းနေတယ်။

အဲ–တော်သေးတာက ပြည်သူလူထုဟာ ဟိုး–လွန်ခဲ့တဲ့ အနှစ်၂၀ ကကဲ့သို့ နားပိတ်မျက်စိပိတ်၊ ဗဟုသုတခေါင်းပါးတဲ့ လူထုမဟုတ်တော့ဘူး။ ကံကောင်းတာက ပြည်သူလူထုဟာ သတင်း(Information) ထဲမှာ ယခင်ယခင်ကလထက် ပိုပြီးဘာက အချက်အလက်(Facts)၊ ဘာကထင်ခြင်းယူဆချက်(Opinions)၊ ဘာက ကောလာဟလအမှိုက်တွေ (Rumours) ဆိုတာ ကောင်းစွာ ခွဲခြားနားလည်တတ်တဲ့အဆင့်ကို(ဘဝပေးသင်ခန်းစာတွေအရ) ရောက်ရှိလာကြတာပဲ။ Fလား၊ Oလား၊ Rလား ခွဲခြားတတ်နေကြပြီ။

ပြည်သူ့ကလက်မခံ

ပြည်သူလူထုအပေါ် ကျွဲကျောင်းသား၊ နွားကျောင်းသားလေးလောက်ပဲ အထင်သေးပြီး ပြည်ပမှ Opinions ထိုးထည့်ပေးနေကြ။ ပြည်တွင်းမှ Rumours တီးတိုးလွှင့်ကြ။ ဟာ ဟ– ပြည်သူလူထုက ရယ်ကြတာပေါ့။ ကျွန်တော်တို့. အထူးကံကောင်းနေတာက တက္ကသိုလ်မှာ မသင်ခဲ့ရဖူးပေမယ့် ပြည်သူလူထုအများစုကြီးဟာ ပြည်ပပြည်တွင်းက လိမ်ညာလှည့်စား၊ ဖြားယောင်းသွေးဆောင်သမျှ ခပ်တည်တည် လက်ပိုက်ကြည့်နေရင်း "မိုက်လိုက်ပလေ မောင်ရင်တို့.ရယ်၊ လူလူချင်းတန်းတူထားပြီး စကားပြောမှရတယ်။ ကလေးတွေလို၊ တပည့်လက်သားလို၊ ကျွန်လိုလာပြီး ဆရာလုပ်၊ အမိန့်.ပေး နှတ်ကြောင်းဆွဲတာမျိုးတွေက ရိုးနေပြီကွယ်" လို့.အားမပေး၊ အရေးမလုပ်ဘဲ ဝိုင်းပယ်တို့.ပြန်လိုက်ကြခြင်းပါပဲ။

ပြတ်ကရော။ ပြည်သူလူထုကို ဗဟုသုတပြည့်ဝရင်ကျက်အောင် အဓိကကူညီနေကြတဲ့ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းအပါအဝင် မီဒီယာများ အားလုံးကို အထူးကျေးဇူးတင်စရာပါ။ ဟုတ်ကဲ့– စာရေးသူက သုတေသနပညာရှင်တော့ မဟုတ်ပါ။ သာမန်ပြည်သူထဲက ပြည်သူတစ်ယောက်မျှသာ ဖြစ်ပါတယ်။

လူထုကြားမှာနေတော့ ပြည်သူလူထုရဲ.ခံစားချက်တွေ သိရတယ်လေ။ ဆူအောင်၊ ပူအောင်နည်းမျိုးစုံနဲ. မီးထုံးနေတဲ့မောင်ငတွေဟာ မရှုမလှ ရှုံးနိမ့်သွားကြပြီ။ ပြည်သူလူထုအောင်ပွဲခံနေပြီ။ အဲဒါဘာကြောင့်လဲ။ ပြည်သူလူထုဟာ အနောက်တိုင်း မျက်နှာဖြူတွေပေးတဲ့ ဒီမိုတော်လှန်ရေးသင်တန်း မတက်ဖူးပေမယ့် **"သစ္စာမမှု၊ ဝီရိယနှင့်၊ စာဂ ဟူသည်၊ ရန်သူအောင်မူ၊ ကြောင်းလေးခု"** ဆိုတဲ့ လွန်ခဲ့သောနှစ်ပေါင်း ၆၆ဝကျော် (အင်း၀ခေတ်)က ဆိုးရိုးစကားကိုတော့ လူတိုင်းသိတယ်။ သစ္စာမရှိတဲ့ ဓမ္မတရား မျှတမှုမရှိတဲ့၊ အခြေခံမှားနေတဲ့၊ အဖျက်အမှောင့် နိုင်ငံရေးသမား လက်တစ်ဆုပ်စာကို ပြည်သူ့စိတ်ကုန်နေတယ်။ ယနေ့အခါ သူတို့.ကို စိတ်မဝင်စားတာ ဘာဆန်းသလဲ။ ဘာမှ မဆန်းပါ။

နိဂုံး

တိုင်းပြည်အကျိုးမပါဘဲ ဘာရပ်တည်ချက်အစွဲနဲ. ရေ.ခရီးဆက်မှာလဲ။ ပြည်သူလူထုက မေးနေပြီ။ ဘယ်လိုဖြေမှာလဲ။ **ဘယ်လို နိုင်ငံရေးသမားလဲ?**။ ။

ပြည်သူ့လူထုအပေါ် ကျွဲကျောင်းသား၊ နွားကျောင်းသားလေးလောက်ပဲ အထင်သေးပြီး ပြည်ပမှ Opinions ထိုးထည့်ပေးနေကြ။ ပြည်တွင်းမှ Rumours တီးတိုးလွှင့်ကြ။ ဟာ ဟ– ပြည်သူ့လူထုက ရယ်ကြတာပေါ့။ ကျွန်တော်တို့. အထူးကံကောင်းနေတာက တက္ကသိုလ်မှာ မသင်ခဲ့ရဖူးပေမယ့် ပြည်သူ့လူထုအများစုကြီးဟာ ပြည်ပပြည်တွင်းက လိမ်ညာလှည့်စား၊ ဖြားယောင်းသွေးဆောင်သမျှ ခပ်တည်တည် လက်ပိုက်ကြည့်နေရင်း "မိုက်လိုက်ပလေ မောင်ရင်တို့.ရယ်၊ လူလူချင်းတန်းတူထားပြီး စကားပြောမှရတယ်။ ကလေးတွေလို၊ တပည့်လက်သားလို၊ ကျွန်လိုလာပြီး ဆရာလုပ်၊ အမိန့်.ပေး နှတ်ကြောင်းဆွဲတာမျိုးတွေက ရိုးနေပြီကွယ်" လို့.အားမပေး၊ အရေးမလုပ်ဘဲ ဝိုင်းပယ်တို့.ပြန်လိုက်ကြခြင်းပါပဲ။

ဂရင်းရွိုင်ရယ်ဗလား နိုင်ငံတကာဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ မန္တလေးမြို့ ပထူးကွင်း၌ ဒီဇင်ဘာ၁၇ရက် စတင်ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် International Beverages Trading Co.,Ltd.တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၆ ခုနှစ် ဒုတိယအကြိမ် ဂရင်းရွိုင်ရယ်ဗလား နိုင်ငံတကာဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ (Grand Royal Challenge Cup 2006) ကျင်းပရေးနှင့်စပ်လျဉ်းသည့် သတင်းစာရင်းလင်းပွဲကို နိုဝင်ဘာ၂၆ရက် နံနက်၉နာရီက ရန်ကုန်မြို့ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သုရအေးမြင့်က အဖွင့်အမှာစကားပြောကြားသည်။**(အောက်ပုံ)**

ဆက်လက်၍မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဧော်က ဖိတ်ကြားထားသည့် နိုင်ငံခြားဘောလုံးအသင်းဦးတင်အောင်ကပြိုင်ပွဲကျင်းပရေးအတွက် စီစဉ်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍I.B.T.Co ကုမ္ပဏီမှ ဈေးကွက်မန်နေဂျာ ဦးကျော်ကျော်နိုင်က ပြိုင်ပွဲနှင့်စပ်ဆက်သော ကွန်မြူနီကေးရှင်းဒီဇိုင်းများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြသသည်။

ထိုနောက် ကမ္ဘာ့ဘောလုံးပရိသတ်ကြီးသိကြသော ဂရင်းရွိုင်ရယ်ဗလား နိုင်ငံတကာဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ (Grand Royal Challenge Cup 2006) ကျင်းပရေးနှင့်ပတ်သက်သည့် သတင်းစာရင်းလင်းပွဲကို နိုဝင်ဘာ၂၆ရက် နံနက်၉နာရီက ရန်ကုန်မြို့ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ပါဝင်ယှဉ်ပြိုင်မည်

၂၀၀၆ ခုနှစ် ဒုတိယအကြိမ် ဂရင်းရွိုင်ရယ်ဖလား နိုင်ငံတကာဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၁၇ရက်မှ ၂၃ရက်အထိ မန္တလေးမြို့ ဗဒုံ၊ ပထူး၊ ရန်ကုန်ဟူသော ဗဒုဒေသ ကုန်ကုန်ကြီးမြို့ကြီးများ ရှိရာ ကစားကွင်းသုံးခုတွင် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အသင်း၊ အင်ဒိုနီးရှားလက်ရွေးစင်အသင်း၊ မလေးရှား(ယု-၂၃) လက်ရွေးစင်အသင်းနှင့် မြန်မာ(ယု-၂၃) လက်ရွေးစင်အသင်းတို့ ပါဝင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပထမဆုအမေရိကန်ဒေါ်လာ ၁၅၀၀၀၊ဒုတိယဆုအမေရိကန်ဒေါ်လာ ၇၅၀၀နှင့် ပွဲစဉ်အလိုက် အကောင်းဆုံးဆုများ ချီးမြှင့်မည်ဖြစ်သည်။

Grand Royal Challenge Cup 2006 ဖြစ်မြောက်ရေးအတွက် International Beverages Trading Co.,Ltd.က အဓိကပံ့ပိုးပြီး Co-sponsors များအဖြစ် Air Bagan, Mitsubishi Electric, Super Lemon Tea, Laserသွားတိုက်ဆေး၊ One Tea နို့ဆီနှင့် Asia အချိုရည်တို့က ပံ့ပိုးကူညီကြမည်ဖြစ်သည်။

(မြန်မာ့အသံ)

မန္တိုမဒေသ ဗဒု ဂယာမြေမြေတ်မဟာတွင်တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင် မြန်မာရဟန်းတော်အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီးဆောက်လုပ်ရန် အတွက် ရန်ကုန်မြို့နယ် အမှတ်(၉၃)စမိုလ၊လမ်း၊ ၁၆/၁ ရပ်ကွက် သယံနိုးကျွန်းမြို့နယ် ရေ ကွယ်လွန်သူ ဖခင်ကြီးဦးအေးမောင်-မိခင်ကြီးဒေါ်တင်တို့အားရည်စူးလျှ၍ ဒေါ်သန်းသန်းမိသားစု၏ လူဒါန်းဌေးကျပ် တစ်သိန်းကို ကျောင်းအမှုဆောင် ဒေါ်ကေသက်မော်က လက်ခံပြီး ကျောင်းအကျိုးတော်ဆောင် ဆရာတော်ဦးဇောတိက (ဗုညသုခ ကျောင်း-သရက်တော)က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-၀)

များ၊အကြောင်း မိတ်ဆက် ပြောကြားသည်။

ရည်ရွယ်ချက်ရှင်း

ထိုနောက် I.B.T.C ကုမ္ပဏီမှ မန်နေဂျင်း၁ရိုက်တာဦးအောင်မိုးကျော်က ပြိုင်ပွဲကျင်းပခြင်း၊ရည်ရွယ်ချက်နှင့် သဘောထားခံယူချက်များကို ရှင်းလင်းပြောကြားသည်။ ထိုနေ့ကပ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးတင်ဆောင်ကပြောကြားခဲ့ကြသော စာနယ်ဇင်းများမှ တာဝန်ရှိသူများက သိလိုသည့်အချက်များကိုမေးမြန်းရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဧော်၊ အတွင်းရေးမှူး ဦးတင်ဆောင်၊ I.B.T.C ကုမ္ပဏီမှ မန်နေဂျင်း၁ရိုက်တာဦးအောင်မိုးကျော်နှင့်အရောင်းနှင့်ဈေးကွက်၁ရိုက်တာ ဦးမိုးသန်းရှစ်တို့က ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ပြန်လည်ရှင်းလင်းဖြေကြား

ထိုနေ့ကပ် တက်ရောက်လာကြသော စာနယ်ဇင်းများမှ တာဝန်ရှိသူများက သိလိုသည့်အချက်များကိုမေးမြန်းရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဧော်၊ အတွင်းရေးမှူး ဦးတင်ဆောင်၊ I.B.T.C ကုမ္ပဏီမှ မန်နေဂျင်း၁ရိုက်တာဦးအောင်မိုးကျော်နှင့်အရောင်းနှင့်ဈေးကွက်၁ရိုက်တာ ဦးမိုးသန်းရှစ်တို့ကပ် ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ကျောက်တံတားမြို့နယ် ၃၉ လမ်း၊ အမှတ် ၂၃၈ နေ့ ဒေါ်တင်လှနှင့် မိသားစုက မိဘနှစ်ပါးဖြစ်ကြသော ဦးဘမောင်-ဒေါ်အေးအေးနှင့်ညီမ ဒေါ်တင်တင်ဝင်းတို့အား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းကြီးပေါ်ရှိ ဦးလှထွန်း မေဘွာရိပ်မှန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလုနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်သုံးသိန်းလျှဒါန်းရာ အုပ်ချုပ်ရေးမှူးချုပ်ဦးပြိုးနှင့် စောင့်ရှောက်ရေးသုနာပြုဒေါ်ယဉ်သီတာတို့က လက်ခံယူစဉ်။ (က-၀)

မြောက်ဥက္ကလာပမြို့နယ် အမှတ်(၃၂)အခြေခံပညာမူလတန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်မြှင့်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီးဒေါ်သန်းသန်းနီက တတိယတန်း ဘာသာစုံထူးချွန်ဆုရ မနှင်းမြတ်သစင်အား ဆုချီးမြှင့်စဉ်။ (က-၀)

ခွဲခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တားဆီးရေး အသိပေးရှင်းလင်း

ရန်ကုန် နိုဝင်ဘာ ၂၇

ပဲခူးတိုင်း တောင်ငူခရိုင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများ အသိပေးရှင်းလင်းတင်ပြခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၄ရက် မွန်းလွဲ၂နာရီက တောင်ငူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဘုရင်နောင်နန်းမတွင် ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တောင်ငူခရိုင် ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါက်တာအောင်လင်းအေးက လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြသည်။**(အောက်ပုံ)** အဆိုပါ အခမ်းအနားသို့ တောင်ငူခရိုင်ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးအဖွဲ့ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

၁။ ရောဂါပိုးများပါရှိသည့်ရေနှင့် အစားအသောက်များ စားသောက်မိခြင်းကြောင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကူးစက်ဖြစ်ပွားပါသည်။ မိုးဦးကျကာလတွင် ပိုမိုဖြစ်ပွားလေ့ရှိသော်လည်း ရာသီမရွေး၊ အသက်အရွယ်မရွေး ကူးစက်ဖြစ်ပွားနိုင်ပြီး ဆောလျင်စွာ ကုသမှုမခံယူပါက အသက်သေဆုံးသည်အထိ အန္တရာယ်ရှိပါသည်။

၂။ **ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါ လက္ခဏာများမှာ-**

(က) ဗိုက်နာကျင်ခြင်းမရှိဘဲ ဝမ်းအရည်များများသွားခြင်း

(ခ) ဝမ်းသွားသည်ကို ခံစားသိရှိခြင်းမရှိသဲ့ အရည်များသွားခြင်းတိုးဖြစ်ပြီး တစ်ကြိမ်၊ နှစ်ကြိမ် ဝမ်းသွားရုံနှင့် ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားများ လျင်မြန်စွာ ကုန်ဆုံး၍ အသက်ကို ဆုံးရှုံးနိုင်ပါသည်။

၃။ **ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားရန်-**

(၁) ရေကိုကျိုချက်၍ သောက်ပါ။ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ပါ။

(၂) ရေတွင်း၊ ရေကန်စသည့် ရေထွက်ပင်ရင်းများထဲသို့ ညစ်ညမ်းသောရေနှင့် အမှိုက်သရိုက်များ မဝင်ရောက်နိုင်ရန် ကာကွယ်ပါ။

(၃) သန့်ရှင်းလတ်ဆတ်သော အစာများကိုစားပါ။

(၄) အစားအစာများကို ယင်မနှောအောင် ဖုံးအုပ်ကာကွယ်ထားပါ။

(၅) အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများမဝင်နိုင်ရန် အစာကိုင်သောလက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။

(၆) အိမ်သာမှအထွက် လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးပါ။

(၇) ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲပါ။

၄။ **ပြင်းထန်သော ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားလျှင် အသက်ဆုံးရှုံးမှုမှ ကာကွယ်ရန်-**

ဓာတ်ဆားထုပ်ကို သန့်ရှင်းသောရေ သို့မဟုတ် ရေကျက်အေးဖြင့် အညွှန်းအတိုင်း အတိအကျဖျော်၍ သောက်သုံးပြီး နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်၍ ကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန။

မူးယစ်ကင်းစင် အလှဆင်

အထက(၄)စမ်းချောင်း မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၇

အထက(၄)စမ်းချောင်း၏ (၁၃) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၁၀ ရက်(တနင်္ဂနေ့)မှနှင်းလွဲ ၁နာရီတွင် အောင်မင်္ဂလာသိဒ္ဓိစာသင်တိုက် ဆွမ်းစားဆောင်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ကျောင်းသူကျောင်းသား အသစ်၊ အဟောင်းများ အားလုံး တက်ရောက်ကြရန် ဖိတ်ကြားရှိးဆော်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေများကိုလည်း နီးစပ်ရာ ကျောင်းသားဟောင်းအမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-၀)**

လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး အလေးထားဆောင်ရွက်ပြည်ထောင်စုလမ်းမကြီးနှင့် ဒေသပို့ပြိုးရေးလမ်းများ အဆင့်မြှင့်တင်နိုင်ငံ့ဝန်ထမ်းများ နိုင်ငံတော်အပေါ်သစ္စာရှိပြီး မှန်မှန်ကန်ကန်စေတနာထား

နေပြည်တော် နိုဝင်ဘာ ၂၇

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက ပမ္ဘီး အစိုးရနည်းပညာကောလိပ်လမ်းရွှေအိုက်ကျေးရွာရှိ နန်းကွေ့ချောင်း(ရွှေအိုက်)တံတားသစ်သို့ ရောက်ရှိကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား တွေ့ဆုံနှုတ်ဆက်သည်။

ရှင်းလင်းတင်ပြ

ထိုနေ့က ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များအား ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသက်ကနန်းကွေ့ချောင်းတံတားသစ် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် နန်းကွေ့ချောင်းတံတားသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ နန်းကွေ့ချောင်းတံတားသစ်သည် အလျား ၂၂၃ မီတာ သွားလမ်း အကျယ် ၁၂ မီတာ သံပေါင်နှင့် သစ်သားရက်မ၊ သစ်သားကြမ်းခင်း အမျိုးအစားတံတားဖြစ်၍ ခံနိုင်ဝန်အား ၁၃ တန်ဖြစ်ပြီး မြစ်ကြီးနားအစိုးရ နည်းပညာကောလိပ်သို့ ဆက်သွယ်သွားလာသော လမ်းပေါ်တွင် တည်ရှိကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရွှေဘို–မြစ်ကြီးနားလမ်းမကြီး မြစ်ကြီးနားမြို့အတင်ပမ္ဘီးရပ်ကွက်၌ မိုင်လွန်ကတ္တရာ ခင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုနေ့က ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ရင်းလင်းမှာကြားသည်။

ကြိုးပမ်းဆောင်ရွက်

ရှားဦးစွာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ကချင်ပြည်နယ်၏အဓိကရည်မှန်းချက်မှာ ခြစည်းရိုးကြက်ဆူပင်ဧကင်းသိန်း၊ စပါးဧကခြောက်သိန်း၊ ကြံဧကင်းသိန်း၊ ရော်ဘာဧကတစ်သိန်း ပြည့်မီအောင် စိုက်ပျိုးမည့်အစီအစဉ်များ၊ စားသုံးဆီမှလုပ်လျှံရေးနှင့် ပဲမျိုးစုံ၊ ကော်ဖီ၊ ငရုတ်ကောင်းနှင့် အခြား ဝင်ငွေရ နှစ်ရှည်ပင်များဖြစ်သည့် တည်ငြိမ်ပင်နှင့် ထောပတ်ပင်များကို တိုးချဲ့စိုက်ပျိုးသွားမည့် အစီအစဉ်များ၊ ကချင်ပြည်နယ်၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စီမံကိန်းလုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်အောင်မြင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဖြည့်ဆည်း

ထိုနေ့က ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာခင်မောင်ဝင်း၊ ပြည်နယ်ပညာရေးမှူး ဦးစလင်းအောင်၊ ပြည်နယ်စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးအုန်းရွှေနွင့် ပြည်နယ်မြစာရင်းဦးစီးဌာန ဦးစီးမှူး ဦးဝင်းအောင်တို့က သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်မှုများကို အသီးသီးရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ပေးအပ်လွှဲဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ပညာရေးဌာနအတွက် စာအုပ်နှင့် စာရေးကိရိယာများ၊ ကျန်းမာရေးဌာနအတွက် ဆေးနှင့်ဆေးပစ္စည်းများ၊ မြစ်ကြီးနား၊ ဗန်းမော်၊ ပူတာအို အကျဉ်းထောင်များရှိ အကျဉ်းသားများအတွက် ဆေးနှင့် ဆေးပစ္စည်းများ၊ ဝန်ထမ်းများအတွက် ဝတ်စုံများနှင့် ပြည်ထောင်စုကြိုဆိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဝတ်စုံများကို ပေးအပ်လွှဲဒါန်းရာ ဌာနအလိုက် တာဝန်ရှိသူများက လက်ခံကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထိုနေ့က ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကားပြောကြားရာတွင် ဒေသဖွံ့ဖြိုးရေးတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသများ၌ ဖွံ့ဖြိုးတိုးတက်မှု အားနည်းလျက်ရှိကြောင်း၊ နိုင်ငံတော်က လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကို အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်ထောင်စုလမ်းမကြီးများနှင့် ဒေသဖွံ့ဖြိုးရေးလမ်းများကို အဆင့်မြှင့်တင် ဖောက်လုပ်ပေးလျက်ရှိကြောင်း၊ ကချင်ပြည်နယ်တွင် ရွှေဘို–မြစ်ကြီးနားလမ်း၊ မန္တလေး– ငါးအိုး–ဗန်းမော်–မြစ်ကြီးနားလမ်း၊ အမှတ်(၃) ခရိုင်ချင်းဆက် လမ်းမကြီး (မြစ်ကြီးနား – အကျဲ – ဆင်ဘို – ပိန်းခွမ်းယန် – မြို့လှအပိုင်း)နှင့် မြစ်ကြီးနား–ဆခုံး–ကန်ပိုက်တီးလမ်းများကို ဖောက်လုပ်ပေးလျက်ရှိကြောင်း၊ ထို့အပြင် လမ်းများ၊ တံတားများကိုလည်း အဆင့်မြှင့်တင်ပေးလျက်ရှိကြောင်း၊ ထို့အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးကဏ္ဍများတွင်လည်း အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဌာနဆိုင်ရာ ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းများ ဖြစ်သည်နှင့်အညီ နိုင်ငံတော်အပေါ် သစ္စာရှိပြီး မှန်မှန်ကန်ကန် စေတနာထား ဆောင်ရွက်ကြရန်၊ ဒေသခံ တိုင်းရင်းသားပြည်သူများကလည်း ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် မှာကြားပြီး တက်ရောက်လာကြသည့် ဒေသခံ တိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

လူမှုဖယ်စွည်းဆက်ကပ်

ထိုမုတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ရှိ ဓမ္မရက္ခိတ ဝန်းသိုကျောင်း တိုက်သို့ ရောက်ရှိကြပြီး နိုင်ငံတော်သြဝါဒါစစရိယဆရာတော် အတိဓမ္ဘာရဏ္ဍာရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သီလ ဝံသအား ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ သက်နံ့အစရှိသည့် လူမှုဖယ်စွည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကချင်ပြည်နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရီးစဉ်တွင် အတူလိုက်ပါလာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ကချင်ပြည်နယ် ဒေသဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား လုပ်ငန်းလိုအပ်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များကို ပြန်လည်သုံးသပ် ဆွေးနွေးကြရာ ဌာနအလိုက် တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် အသီးသီး ဆွေးနွေးတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

မှာကြားဖြည့်ဆည်း

ယင်းနောက် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးသက်ဝေ၊ ဗိုလ်မှူးကြီး ခင်မောင်ဆိုနှင့် ဒုတိယဗိုလ်မှူးကြီးထွန်းသန်းတို့က အမှတ်(၃) ခရိုင်ချင်းဆက်လမ်းမကြီး လမ်းပိုင်းများ အလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို လည်းကောင်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်တို့က ဆက်လက်ဆောင်ရွက်မည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အစီအစဉ်များကို လည်းကောင်း ဆွေးနွေးတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြန်လည်ရောက်ရှိ

ထိုနေ့က ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မြန်မာ့လေကြောင်းဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကချင်ပြည်နယ် ရွှေဘို–မြစ်ကြီးနားလမ်းမကြီး မြစ်ကြီးနားမြို့အတင် ပမ္ဘီးရပ်ကွက်၌ နိုင်လွန်ကတ္တရာ ခင်းနေမှုကို ကြည့်ရှုစစ်ဆေး

(သတင်းစဉ်)

နယ်စပ်/ စည်ပင်ဌာနတွင်း သင်တန်းများဖွင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၇

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းသည် ယခုနေ့နံနက် စနေဈေး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၂၅)၊ အဆင့်မြင့် အိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁၄)၊ အိမ်တွင်းမှုလက်မှုလုပ်ငန်း(ကြြမ်/ဝါး) သင်တန်းအမှတ်စဉ်(၁)၊ ယဉ်ကျေးမှုနည်းပြများ မွမ်းမံသင်တန်းအမှတ်စဉ်(၃)၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ် (၄၆)နှင့်(၄၇) သင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထိုနေ့က ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းနှင့် အဖွဲ့သည် သင်တန်းများဖွင့်ပွဲအပြီးတွင် သင်တန်းသားသင်တန်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ သင်တန်းသားသင်တန်းသူများ၏ အိပ်ဆောင်၊ စာသင်ဆောင်၊ စားရိပ်သာတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တက်ရောက်

ယနေ့ဖွင့်လှစ်သည့် စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၂၅)တွင် သင်တန်းသား သင်တန်းသူ ၃၄ ဦး၊ အဆင့်မြင့်အိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၁၄)တွင် သင်တန်းသူ ၃၀၊ အိမ်တွင်းမှုလက်မှုလုပ်ငန်း (ကြြမ်/ဝါး) သင်တန်း အမှတ်စဉ်(၁)တွင် သင်တန်းသူ ၃၄ ဦး၊ ယဉ်ကျေးမှု နည်းပြများ မွမ်းမံသင်တန်း အမှတ်စဉ်(၃)တွင် သင်တန်းသား သင်တန်းသူ ၁၅ ဦး၊ စာရေးဝန်ထမ်း သင်တန်း အမှတ်စဉ်(၄၆)တွင် သင်တန်းသား ၆၀ နှင့် စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၄၇)တွင် သင်တန်းသား ၃၀၊ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၂၀၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ၂ ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်း ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော သင်တန်းများဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ကမ္ဘာတစ်လွှား အားကစား

စပိန်လာလီဂါပွဲစဉ် (၁၂) ဆက်လက်ကစား ရာအူးလ်၏ဂိုးပြင့် ရီးရဲမက်ဒရစ်တို့ နိုင်ပွဲရ

ဧလင်စီယာနှင့် ရီးရဲမက်ဒရစ်တို့ ပွဲတွင် ဧလင်စီယာမှ မီဂွယ်ဘာရစ်တို့ (ယာ)၏ ထိုးဖောက် ကစားမှုကို ရီးရဲမက်ဒရစ်မှ ရေးယက်စ်လိုက်လဲ ဟန့်တားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရေးသားတင်ပြသူ
မြင့်မောင်စိုး

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

မက်ဒရစ် နိုဝင်ဘာ ၂၇

စပိန်လာလီဂါ ဘောလုံးပွဲစဉ်(၁၂)ကို နိုဝင်ဘာ ၂၆ ရက်က ဆက်လက်ကစားရာ ရီးရဲမက်ဒရစ်က အဝေးကွင်းတွင် ဧလင်စီယာကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ရီးရဲဘက်တစ်နှင့် အက်စ်ပန်ညိုတို့ပွဲတွင် တစ်ဂိုးစီသရေဖြစ်ကာ အိုဆာဆူနာနှင့် ဒီပို့တီဗိုတို့ပွဲ၌ အိုဆာဆူနာက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဧလင်စီယာနှင့် ရီးရဲမက်ဒရစ်

ဧလင်စီယာကို ရီးရဲမက်ဒရစ်တို့ ခက်ခက်ခဲခဲ ကြိုးစားကစားပြီးမှ အနိုင်ရရှိခြင်းဖြစ်သည်။ ရာအူးလ်နေ့စွတယ်ရှိင်းနှင့်ရော်ဘင်ဟိုတို့တိုက်စစ်အတွက ဧလင်စီယာ နောက်တန်းကို ထိုးဖောက်ကစားနိုင်ခဲ့သော်လည်း ဧလင်စီယာ နောက်တန်း ခံစစ်မှူးများ ဖြစ်သည့် တောရက်စ်၊အယာလာနှင့်မီဂွယ်တို့က ထိန်းချုပ် ဟန့်တားနိုင်ခဲ့မှုကြောင့် ပထမပိုင်း ဂိုးမသွင်းနိုင်ခဲ့ချေ။

အနိုင်ဂိုးသွင်းယူ

ဧလင်စီယာသည် ကွင်းလယ်၌ ၀ါ၂ဦးအထိထားပြီး ကစားခဲ့မှုကြောင့် ရီးရဲမက်ဒရစ်တို့ တိုက်စစ်ဖွင့်ကစားမှု အကျပ်အတည်း ဖြစ်ခဲ့ရသည်။ ဒေးစစ်ဘက်ဟမ်း မပါသော ရီးရဲမက်ဒရစ် အလယ်တန်း၌ ရေးယက်စ်၊ အီမာဆင်နှင့် ဒီယာရာတို့က တိုက်စစ်ကို ပုံ့ပိုးပေးနိုင်ခဲ့မှုကြောင့် ပွဲချိန်၅၂မိနစ်တွင် ရီးရဲမက်ဒရစ် တိုက်စစ်မှူးရာအူးလ်က အဖွင့်ဂိုးနှင့် တစ်လုံးတည်းသာ အနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။

ရှုံးပွဲကြိုတွေ့

အဖွင့်ဂိုးပေးလိုက်ရသဖြင့် ဧလင်စီယာတို့ ချေပဂိုးရရှိရေး မနာတမ်း တိုက်စစ်ဆင်ကစားခဲ့ရာ အပိုင်ဂိုးသွင်းခွင့်လေးကြမ်းရရှိခဲ့သော်လည်း တိုက်စစ်မှူးများ ဖြစ်သည့် ဒေးစစ်ဗီလာ၊ အင်ဂျလိနှင့် ဒေးဗစ်ဆီလ်ဗာတို့ ကန်ချက်မသေချာမှုကြောင့် ချေပဂိုးမရရှိဘဲ တစ်ဂိုး-ဂိုးမရှိဖြင့် အိမ်ကွင်း၌ ပထမဆုံး ရှုံးပွဲကြိုတွေ့လိုက်ရခြင်းဖြစ်သည်။

ရီးရဲမက်ဒရစ်တို့ ယခုပွဲအနိုင်ရရှိသဖြင့် တန်းစီဇယား၌ တတိယနေရာ၌ရှိနေပြီး ဧလင်စီယာက အဌမနေရာတွင် ရှိနေသည်။

အိုဆာဆူနာနှင့် ဒီပို့တီဗို

အိုဆာဆူနာတို့ မမျှော်လင့်ဘဲ လေးဂိုးအထိသွင်းပြီး နိုင်ပွဲရရှိခဲ့သည်။ တန်းဆင်းဇုန်အနီး ရောက်နေသော အိုဆာဆူနာတို့ နိုင်ပွဲ လိုအပ်နေပြီ ဖြစ်ရာ ပွဲစသည်နှင့် တိုက်စစ်ဖွင့် ကစားခဲ့သဖြင့် ပွဲချိန် ၈၁မိနစ်မှာပင် အိုဆာဆူနာတိုက်စစ်မှူး ဆိုလပ်ဒါဒိုက ဧာစီးစွာ အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။

ချေပဂိုးသွင်းယူ

အိုဆာဆူနာတို့ ဆက်တိုက်ဖိကစားခဲ့ရာ ပွဲချိန် ၂၂မိနစ်၌ ဗယ်ဒိုက တစ်ဂိုး၊ မိနစ် ၆၀၌ တိုက်စစ်မှူး ဆိုလပ်ဒါဒိုကပင် တစ်ဂိုးထပ်မံသွင်းယူပြီး မိနစ်၉၀၌ တိုက်စစ်မှူး မီလိုစီဗစ်က တစ်ဂိုးသွင်းယူခဲ့သဖြင့် လေးဂိုးအထိ ရရှိခဲ့ခြင်းဖြစ်သည်။ ဒီပို့တီဗိုအတွက် ချေပဂိုး တစ်ဂိုးကို ပွဲချိန် မိနစ်၃၀၌ ဒီပို့တီဗို ကွင်းလယ်ကစားသမား ရိုဒရီဂွီဇက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

အိုဆာဆူနာတို့ ယခုပွဲအနိုင်ရရှိခဲ့သဖြင့် တန်းစီဇယား၌ အဆင့် ၁၆ နေရာသို့ တက်လာပြီး ဒီပို့တီဗိုမှာ အဆင့် ၁၁နေရာတွင်ရှိနေသည်။

ရီးရဲဘက်တစ်နှင့်အက်စ်ပန်ညို

အက်စ်ပန်ညိုတို့သည်ရေလွှဲဖြစ်အောင် အပြင်းအထန်ကြိုးစားကစားခဲ့ရသည်။ အက်စ်ပန်ညိုသည် အဝေးကွင်းနိုင်ပွဲ လုံးဝမရရှိသေးသည့်အဖြစ်ကို မပြောင်းလဲနိုင်ခဲ့ချေ။ တန်းဆင်းဇုန်အတွင်း ရှန်းကန်နေရသော ရီးရဲဘက်တစ်တို့ အိမ်ကွင်း၌အင်အထွက်ရဲရဲဖြင့်ကစားခဲ့ရာ ပွဲချိန် ၃၃မိနစ်၌ ပယ်နယ်တီပြစ်ဇော်ဘောရရှိခဲ့သည်။ ၎င်းပယ်နယ်တီကို ရီးရဲဘက်တစ်မှ တိုက်စစ်မှူး ဒီဆူဇာက သွင်းယူခဲ့သဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။

အက်စ်ပန်ညို၏ ချေပဂိုးကို ပွဲချိန် မိနစ်၉၀၌ ပင်ဒီရာနီက သွင်းယူ ပေးခဲ့သဖြင့် တစ်ဂိုးစီသရေဖြစ်ခဲ့ရခြင်းဖြစ်သည်။

ယခုပွဲ သရေကျခဲ့သဖြင့် ရီးရဲဘက်တစ်က တန်းစီဇယားအဆင့် ၁၇ နေရာတွင်ရှိနေပြီး အက်စ်ပန်ညိုက အဆင့်၁၄နေရာ၌ ရှိနေသည်။

အခြားပွဲရလဒ်များ

ဂီတာဖေ	၀-၀	လီဗန်တေ
ဆဲလ်တာဗီဂို	၁-၁	ရီးရဲဇာရာဂိုဇာ
ရေးဆင်း	၄-၃	ရီခရီယေတီဗို
ဂျင်နက်စတစ်	၂-၃	မာလေ့ကာ။

(အင်တာနက်)

ထိုးဖောက်

အိုဆာဆူနာနှင့် ဒီပို့တီဗိုတို့ပွဲတွင် အိုဆာဆူနာမှ ခရရှာဂါ (ဝဲ) ၏ ထိုးဖောက်ကစားမှုကို ဤသို့ ဆွဲ.ရသည်။

(ဓာတ်ပုံ-အင်တာနက်)

ရိုးမားတို့ အဝေးကွင်းရလဒ်ကောင်းသည့် အီတလီ စီးရီးအေ ပွဲစဉ်(၁၃)

ရေးသားတင်ပြသူ
မြင့်မောင်စိုး

ရောမ နိုဝင်ဘာ ၂၇

အီတလီ စီးရီးအေပွဲစဉ်(၁၃) ဘောလုံးဖြိုင်ပွဲများကို နိုဝင်ဘာ ၂၆ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ရိုးမားအသင်းသည် အဝေးကွင်း၌ ဆမ်ဒိုးရီးယားအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး ရမှတ်များတိုးနိုင်ခဲ့သည်။

ရိုးမားအသင်းသည် ပွဲစသည်နှင့် ဆမ်ဒိုးရီးယား နောက်တန်းကို ထိုးဖောက်ခဲ့ရာ ပွဲစပြီး ၁၃မိနစ်မှာပင် တောဂတီက အဖွင့်ဂိုး စသွင်းခဲ့သည်။ ယင်းဂိုးသွင်းပြီး တစ်မိနစ်အကြာမှာပင် အိမ်ရင် ဆမ်ဒိုးရီးယားက ချေပဂိုးသွင်းယူသည်။

ပွဲချိန် ၃၃မိနစ်တွင် ပါရောတာက ရိုးမားအသင်းအတွက် ၃တိယမြောက် ဂိုးသွင်းယူပြီး ပါနေစိက တတိယမြောက် ဂိုးသွင်းယူခဲ့သည်။ ပထမပိုင်းပြီးချိန်တွင် ရိုးမားတို့ သုံးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ၃တိယပိုင်းတွင် ရိုးမား အတွက် အဖွင့်ဂိုးသွင်းယူသူ တောဂတီက အပိတ်ဂိုးသွင်းယူခဲ့သည်။ သို့သော်လည်းပွဲချိန်မိနစ်၉၀တွင်ဇလာချီက ပယ်နယ်တီဖြင့် ဆမ်ဒိုးရီးယားအတွက် ချေပဂိုးသွင်းယူပေးခဲ့သည်။

ရိုးမားအသင်းသည် ယခုနစ် စီးရီးအေ ပွဲစဉ်(၁၃)အပြီး ရှစ်ပွဲနိုင် ၂၆မှတ်ဖြင့် တတိယနေရာမှ လိုက်နေသည်။ ဆမ်ပ်ဒိုရီးယားသည် အမှတ်ပေးဇယား အဆင့်(၁၂)တွင် ရှိနေသည်။

ရိုးမားအသင်းမှ ပါရောတာ (ယာ) နှင့် ဆမ်ဒိုးရီးယားမှ ဓော်ပီတို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။ (ဓာတ်ပုံ-အင်တာနက်)

ကာတန်နီယာ-ပါးမား

ကာတန်နီယာအသင်းသည် အိမ်ကွင်း၌ ပါးမားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ကာတန်နီယာတို့

ဆီနာနှင့် ဖီအိုရင်တီးနားတို့ပွဲတွင် ဖီအိုရင်တီးနားမှ တိုနီ (ဝဲ) ထိုးဖောက်ကစားစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ယခုပွဲအနိုင်ရမှုသည် စီးရီးအေပြိုင်ပွဲတွင် ပဥမမြောက်အနိုင်ရမှုဖြစ်သည်။ အီတလီစီးရီးအေ ပွဲစဉ်(၁၃)အပြီး ကာတန်နီယာအသင်းသည် အမှတ်ပေးဇယားအဆင့်(၇) နေရာတွင် ရှိနေပြီး ပါးမား အသင်းမှာ အဆင့်(၁၅)တွင် ရှိနေသည်။

ဆီနာနှင့် ဖီအိုရင်တီးနား

ဆီနာတို့အိမ်ကွင်း၌ သရေလွဲ ထပ်တိုးခဲ့ရပြန်သည်။ အိမ်ကွင်းသရေလွဲများနေသမျှ အနိုင်ရရေးအတွက် တိုက်စစ်မှူးများဖြစ်သည့် လိုကာတီလီ နှင့် ဖရစ်တို့က ကွင်းလယ်မှ ဗာဂါဆိုလာ၊ ကွန်ကို၊ ကိုဒရီရာနှင့် အင်တိုနီနိုတို့ဖြင့် အုပ်စုဖွဲ့ထိုးဖောက်ကစားခဲ့သဖြင့် ပွဲချိန် ၁စမိနစ်မှာပင် အင်တိုနီနိက ဆီနာအတွက် ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ချေပဂိုးပြန်သွင်း

သို့သော် ဖီအိုရင်တီးနားတို့က ချေပဂိုးရရှိရေး တန်ပြန်တိုက်စစ်ဆင်ကစားခဲ့ရာ ဖီအိုရင်တီးနားတိုက်စစ်မှူး မူတူးက ပွဲချိန် ၃၈မိနစ်၌ ချေပဂိုးပြန်သွင်းယူပေးခဲ့သည်။

သရေလွဲဖြစ်

ဆီနာတို့ အနိုင်ဂိုးရရှိရေး ဖရစ်အစား ဘော့ဒါနီ၊ ကိုဒရီရာ အစား ဘီရိုဗီနှင့် လိုကာတီလီအစား ချီယေဆာတို့ အစားထိုး ကစားစေခဲ့သော်လည်း အနိုင်ဂိုးမသွင်းယူနိုင်ခဲ့သဖြင့် တစ်ဖက်တစ်ဝိုးစီဖြင့် သရေလွဲဖြစ်ခဲ့ရသည်။

ဆီနာတို့ ယခုပွဲ သရေကျခဲ့သဖြင့် တန်းစီဇယား၌ အဆင့်ကိုးနေရာတွင် ရှိနေပြီး ဖီအိုရင်တီးနားမှာ အဆင့် ၁စနေရာ၌ ရှိနေသည်။

အခြားပွဲရလဒ်များ

အတ္တလန္တာ	၀ - ၂	တိုရိနို
အမ်ပိုလီ	၁ - ၀	ကာဂလီယာရီ
လာဇီယို	၃ - ၁	အက်စ်ကိုလီ
ရက်ဂျီးနား	၂ - ၂	လီဓော်နို ။

(အင်တာနက်)

မန်ယူတိုက်စစ်မှူးရွန်နေ စာချုပ်သက်တမ်းတိုး

လန်ဒန် နိုဝင်ဘာ ၂၇

မန်ယူတိုက်စစ်မှူးရွန်နေသည် ၂၀၁၂အထိ မန်ယူက ဆက်လက်ခေါ်ထားနိုင်ရေးအတွက် စာချုပ်တိုးချဲ့ချုပ်ဆိုခဲ့သည်။

အင်္ဂလန်တိုက်စစ်မှူး ရွန်နေသည် လွန်ခဲ့သောနှစ်နှစ်က အဲဗာတန်မှ မန်ယူသို့ ပေါင်၂၇သန်းဖြင့် ပြောင်းရွှေ့လာသူ ဖြစ်သည်။

ယင်းစာချုပ်သက်တမ်းတိုးရေးအတွက် လွန်ခဲ့သော နှစ်လက ဆွေးနွေးခဲ့ရာ ရွန်နေနှင့်မန်ယူတို့ နှစ်ဖက်ဆန္ဒအရ စာချုပ် တိုးချဲ့ချုပ်ဆိုလိုက်ခြင်းဖြစ်သည်။ မန်ယူနှင့် စာချုပ်သက်တမ်းတိုးရန်အတွက် အမြဲတမ်းလိုလားနေကြောင်း၊ မန်ယူနှင့်အတူ အောင်မြင်မှုရရှိရန် ဆန္ဒရှိကြောင်း၊ ယခုနှစ်ရာသီတွင် ဖလားမျှော်မှန်းထားကြောင်း ရွန်နေက ပြောကြားသည်။ တောင်ပံကစားသမား စီရိုနယ်ဒိုအား မန်ယူက ၂၀၁၀ပြည့်နှစ်အထိ စာချုပ်သစ်ချုပ်ခဲ့ဆိုပြီးချိန်မှစ၍ ရွန်နေကိုလည်း နှစ်ရှည်စာချုပ်ချုပ်ရန် ကြိုးစားခဲ့ကြောင်း မန်နေဂျာဖာဂူဆန်က ပြောကြားသည်။ စီရိုနယ်ဒိုသည် ပြီးခဲ့သည့်နှစ်က မန်ယူနှင့် စာချုပ်သစ်ချုပ်ဆိုနိုင်ခဲ့သည်။ ရွန်နေနှင့်စီရိုနယ်ဒိုတို့သည် ကမ္ဘာအကောင်းဆုံးဘောလုံး သမားများ ဖြစ်လာသည်ကို မိမိတွေ့မြင်နေရကြောင်း၊ ယင်းတို့အတွဲသည် ယခုနှစ်တွင်အတွဲညီစွာကစားနိုင်သည် ကိုလည်း ဆွဲ.ရကြောင်း ဖာဂူဆန်က ပြောကြားသည်။ **(အင်တာနက်)**

၂၀၁၂အထိ မန်ယူက ဆက်လက်ခေါ်ထား နိုင်ရေးအတွက် စာချုပ်တိုးချဲ့ ချုပ်ဆိုခဲ့သည့် မန်ယူမှ ရွန်နေ။ (ဓာတ်ပုံ-အင်တာနက်)

မကွေးကောလိပ် (၁၉၆၄-၇၆)ခုနှစ်
ပဋ္ဌမအကြိမ်ဖြောက်ဆရာကန်စတေ့ဒွဲ

၂၀၀၆ခုနှစ် ဒီဇင်ဘာ ၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီ တက္သိုလ်များမှာရဲ(ရန်ကုန်)တွင် ကျင်းပမည်ဖြစ်ပါသည်။ အသက် (၆၀)ပြည့်ပြီး ဆရာ ဆရာမကြီးများ ကြွရောက်အပွေခော်ခံပါရန်နှင့် ကျောင်းသူ ကျောင်းသားအားလုံး ကြွရောက်ကြပါရန် ဖိတ်ကြား အပ်ပါသည်။

ကျင်းပရေးကော်မတီ။

ပွေးနေ့မင်္ဂလာ ဆုမွန်လွှာ

၂၀-၁၁-၂၀၀၆ရက်တွင်ကျရောက်သော ချစ်သားလေး **မောင်ကောင်းမြတ်ပိုင်** ၏ နှစ်နှစ်မြောက် မွေးနေ့မသည် ဖောင်နစ်ပေါင်းများစွာ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာပြီး ထူးချွန်ထက်မြက်သည့် သားကောင်းရတနာဖြစ်ပါစေ။

ဘွားဘွားကြီး – ခေါ်မြစိန်(တောင်ငူမြို့)
ချစ်ပါပါ – ဦးအေးကို အင်ဂျင်နီယာမှူး(ပြိုမ်း)
ချစ်မာမာ – ခေါ်မာမာတိုး
ဖေဖေ – ကိုကျော်စွာကို
မေမေ – မအေးအေးအောင်(မကွေးမြို့)။

2006 Asean Energy Award
(MCS)
Model Star

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ဇော်ပြေါ် ကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားသည် ကျွန်ုပ်၏ အမှုသည် မြန်မာနေရောင်ခြည်ကုမ္ပဏီလီမိတက် (Mynamar Solar Rays Co., Ltd.) ကုမ္ပဏီလိုင်စင်အမှတ် (၃၀၁/၂၀၀၅-၂၀၀၆)မှ တစ်ဦးတည်း မှပိုင်ပြုလုပ်သုံးစွဲချက်ရှိသည့် ကုန်အမှတ်တံဆိပ်၊ အမည်နှင့် အမှတ်အသားဖြစ်ပါသည်။

မှတ်ပုံတင်စာချုပ်အမှတ်-၆၉၈၈/၂၀၀၆

အထက်ပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် အိမ်သုံး၊ စက်ရုံသုံး ဗိုလ်စစ်ပစ္စည်းများ၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ပစ္စည်းများ၊ ယာဉ်နှင့်စက်ကိရိယာအပိုပစ္စည်းများ၊ ကိရိယာတန်ဆာလာပစ္စည်းများ အစရှိသည့် ကုန်ပစ္စည်းမျိုးနဲကိုထုတ်လုပ်ခြင်း၊ ဖြန့်ချိရောင်းချခြင်း၊ တင်သွင်းသယံယူ ပို့ဆောင်ခြင်းတို့အပြင် ယင်းကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အရောင် အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးကိုပြုလုပ်လျက် ယင်းတို့အားဖိနိပ်၊ ကပ်နိပ်၊ ရိုက်နိပ်၍ ပြည်ထောင်စုဖြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တစ်ဦးတည်း ထုတ်လုပ် ဖြန့်ချိရောင်းချရန် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင် စာချုပ်အမှတ်(၆၉၈၈/၂၀၀၆) ၂၀-၁၁-၂၀၀၆ဖြင့် မှတ်ပုံတင်ထားကြောင်းဖြစ်ပါသည်။

သို့ဖြစ်၍၂ အထက်ပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားအား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်သေသာကိုဖြစ်စေ၊ မိုင်ပြမ်း၍ထပ်တူထပ်မျှ၊ ဆင်တူ ယိုးမှား၊ ထင်ယောင်ထင်မှား၊ သံတူကြောင်းကွဲ၊ ပုံတူပုံမှားစသည်ဖြင့် အတုအပ များပြုလုပ်သုံးစွဲပါက တည်ဆဲဥပဒေများနှင့်အညီ တရားဥပဒေအရ အရေးယူမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်မင်း
တရားရုံးချုပ်ရှေ့နေ
အမှတ် ၅၆၃(ပထမထပ်)၊ ကုန်သည်လမ်း။
MAC Tower ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၃၇၃၀၀၅။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဗိုလ်ဗိုလ်လှိုင်၏ နိုင်ငံ ကူးလက်မှတ် အမှတ်-၆၇၄၆ဝသည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။

ဖုန်း-၅၃၇၇၃။

ကျေးဇူးဆပ်ပါမည်

ဦးရဲညွန့်ပိုင် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ ၂၈/၉၇၂ ယာဉ် အထောက်အထား စာရွက် စာတမ်းများ ပျောက်ဆုံးပါသဖြင့် တွေ့ရှိပါက အောက်ပါမှန်းနပါတ် သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၀-၃၂၅၄၊
၀၁-၅၁၄၄၉၂။

ကြေညာချက်

ကျွန်ုပ်ကိုယ်ပိုင်ကားပျက်ကွက်ခဲ့ရာ ကားပြင်ဆင်ပေးခဲ့ကြသော ကားပြင်ဆရာ ကိုမင်းမင်းဆွေ ၁၂/ဥကမန(နိုင်)၀၇၂၅၃၏ သားဖြစ်သူ ဖောင်ဟန်းမင်းဆော် ၁၂/ဥကမန(နိုင်) ၂၀၀၅ဝဂ္ဂအား ဖောင်ဆော်ရဲရင်းထွန်းဟု ပြောင်းလဲခေါ်ပါရန်။

ဖောင်ဆော်ရဲရင်းထွန်း။

အမည်ပြောင်း

အဖ ဦးကကြီး မှတ်ပုံတင်အမှတ် ၁၂/ဥကမန(နိုင်)၀၇၂၅၃၏ သားဖြစ်သူ ဖောင်ဟန်းမင်းဆော် ၁၂/ဥကမန(နိုင်) ၂၀၀၅ဝဂ္ဂအား ဖောင်ဆော်ရဲရင်းထွန်းဟု ပြောင်းလဲခေါ်ပါရန်။

ဖောင်ဆော်ရဲရင်းထွန်း။

အမည်ပြောင်း

အဖ ဦးခင်မောင်ကျော်၏ သမီး အထက(၂)ကမာရွတ် Grade-10 (D)မှ မခိုင်မွန်မွန်ကျော်အား မယဉ် သူဟန်ဟု ပြောင်းလဲခေါ်ပါရန်။

မယဉ်သူဟန်။

WORLD
SAYA-TONY
IELTS
Spoken English Course
Grammar & Essay Writing Course
All Round Development (4 Skills)
Foreign Going English Course
Yes!! English Classes
December 3 4 5 ရည်
TOEFL
Listening
Speaking
Grammar
Pre-Inter
Intermediate

သာယာမည်

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ သာယာ မည်။

၂၀၀၆ခုနှစ် ဒီပါဝလီနေ့ မိတ်ဆုံညစာညှော်ခံပွဲအခမ်းအနားကျင်းပ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရဉာဏ်ကို အထိမ်းအမှတ်ဆီမီးတိုင်ထွန်းညှိပေး

ရန်ကုန် နိုဝင်ဘာ ၂၇

မြန်မာ-အိန္ဒိယ စီးပွားရေးလုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသည့် ၂၀၀၆ခုနှစ် ဒီပါဝလီနေ့ မိတ်ဆုံညစာ ညှော်ခံပွဲကို နိုဝင်ဘာ ၂၄ရက် ည ၇နာရီ ၄၅မိနစ်က ရန်ကုန်မြို့, ကမ္ဘာအေးဇေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ ရှေ့ဦးစွာ ဒီပါဝလီနေ့ မိတ်ဆုံညစာညှော်ခံပွဲအထိမ်းအမှတ် ဆီမီးတိုင်ကို သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရဉာဏ်ကို၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူများက ထွန်းညှိပေးကြသည်။

ယင်းနေ့ကာ မြန်မာ-အိန္ဒိယ စီးပွားရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဗန္ဓုလ-ဦးရွှေ ကိုယ်စား Mr. Rajul Goenka က ဒီပါဝလီ မိတ်ဆုံညစာညှော်ခံပွဲ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

နှုတ်ခွန်းဆက်စကားပြော

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရဉာဏ်ကိုက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ မြန်မာ-အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး Mr. R. K. Ananda က ကျေးဇူးတင်စကားပြောကြားသည်။

ညှော်ခံမျှော်ဖြေ

ယင်းနေ့ကာ တက်ရောက်လာကြသူများအား ညစာဖြင့်တည်ခင်းဧည့်ခံကာ အိန္ဒိယယဉ်ကျေးမှုအကဖြင့် ညှော်ခံ မျှော်ဖြေပြီး အခမ်းအနားကိုရပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

လောင်စာတွေ့ရှိမီးဘေး အန္တရာယ်ကင်း

Canon ဒစ်ဂျစ်တယ်ကင်မရာနှင့် ပရင်တာမော်ဒယ်အသစ်များမိတ်ဆက်

ရန်ကုန် နိုဝင်ဘာ ၂၇

Accel International Co., Ltd.နှင့် Canon(Singapore) Pte., Ltd. တို့က တင်သွင်းသော Canon အမျိုးအစား ဒစ်ဂျစ်တယ်ကင်မရာ မော်ဒယ်အသစ်များ၊ Printer မော်ဒယ် အသစ်များနှင့် Large Format Printerမော်ဒယ်အသစ်များ မိတ်ဆက် ရှင်းလင်းပွဲနှင့် လက်တွေ့ဓင်းကျင်း သရုပ်ပြပွဲကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့, ကုန်သည်ကြီးများဟိုတယ် ၌ကျင်းပရာ ရှေ့ဦးစွာ Accel International Co.,Ltd. မှ Managing Director Mr. Alvin Law က ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားပြီး **(ပဲခဲ့)** Canon (Singapore) Pte., Ltd.မှ Marketing Manager Mr. Steven Lim က အဖွင့်အမှာစကားပြောကြား သည်။

ထို့နောက် Canon Digital Camera မော်ဒယ်အသစ်များနှင့် Printer များနှင့်ပတ်သက်၍ ဒီဇီယိုနှင့် ဆလိုက်ကားချပ်များဖြင့် ရှင်းလင်း ပြသသည်။ ယင်းနောက် မြန်မာနိုင်ငံ တွင် Canon Digital Camera များ နှင့် Canon Printer များ ကျယ်ပြန့်စွာ အသုံးပြုနိုင်ရေးအတွက် ထူးချွန်စွာ ဆောင်ရွက်နိုင်ခဲ့သည့် Accel Int'l Co., Ltd. အား Canon Singapore Pte., Ltd. က ဂုဏ်ပြုရုပ်တုပေးအပ် သည်။ ထို့နောက် တက်ရောက်လာ သော ဧည့်သည်တော်များအား ကဲစမ်းမဲ လက်ဆောင်များ ပေးအပ်သည်။

Accel International Co., Ltd. က တင်သွင်းသော Canon Digital ကင်မရာနှင့် Printer အမျိုး မျိုးတို့ကို အမှတ်၄၂၂/၄၂၆ ဆဋ္ဌမထပ် သစ်တောဖက်စပ် ကူးသန်းရောင်းဝယ် ရေးအဆောက်အအုံ ဗိုလ်တဆောင် ဘုရားလမ်း ရန်ကုန်မြို့, ဖုန်း-၂၁၂၀၉၂-၉၆သို့ မေးမြန်းစုံစမ်း၍ ဆက်သွယ်ဝယ်ယူနိုင်သည်။ Canon အရောင်းပြခန်းများကို ရန်ကုန်မြို့, အမှတ်၇/၈ အောင်ဆန်းကွင်းတောင် ဘက်တန်း မင်္ဂလာတောင်ညွှန့်မြို့နယ် ဖုန်း-၂၄၃၀၃၆-၃၈နှင့် မန္တလေးမြို့၌ အမှတ်၄/၅ SY အဆောက်အအုံ ၇၈ လမ်း အူတာကြီးနှင့် မျက်နှာချင်းဆိုင် ဖုန်း-၀၂-၃၉၈၁၆၊ ၃၉၆၁၇၊ ၃၉၆၁၈၊ ၃၉၆၁၉နှင့် ပျဉ်မနားမြို့၌ အမှတ် ၆/၄၄၊ ၆/၄၅ ဆောက်လုပ်ရေးဝင်း ရန်ကုန်-မန္တလေး အဝေးပြေးလမ်း ဖုန်း-၀၆၇-၂၂၃၄၇၊ ၂၂၈၀၁၌ ဖွင့်လှစ် ထားရှိရာ လာရောက်လေ့လာဝယ်ယူ နိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

အကြိမ်(၄၀)မြောက် သံယုတ် ပါဠိတော် မြန်မာပြန် စာအောင် ဆုနှင်းပွဲကို ရွှေတိဂုံဘုရားလမ်းရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာ အဖွဲ့ချုပ်မှာချဲ့၍ ကျင်းပရာ ဦးနွယ်ဦးအား ရည်စူး၍ စနီး ခေါ်အုန်းကြည် သားသမီး ခြေ မိသားစု အမှတ် ၈၀ သတိပဋ္ဌာန် လမ်း ကျောက်မြောင်းက စာမေးပွဲ အထွေထွေရန်ပုံငွေအတွက် အလှ ဌေကျပ်ငါးသိန်း လှူခါန်းရာ အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဦးမင်းဆွေ လက်ခံယူစဉ်။

(က-ပ)

သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးနေသော စက်မှု(၁)ဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်

ရန်ကုန် နိုဝင်ဘာ ၂၇

ပြည်သူတို့အတွက် လိုအပ်လျက်ရှိသော အသုံးအဆောင်ပစ္စည်းများ၊ ဆေးဝါးများနှင့် အခြားအိမ်သုံးပစ္စည်း အမျိုးအစားပေါင်းများစွာကို ဈေးနှုန်းအထူးသက်သာစွာရောင်းချပေးနေသည့် အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကျင်းပရာ စက်မှု(၁)ဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာဝင်းသို့ မြန်မာ့အလင်းသတင်းအဖွဲ့ကွင်းဆင်းလေ့လာခဲ့သည်။

ဈေးဝယ်သူများနှင့်စည်ကား

အထူးဈေးရောင်းပွဲတော်အတွင်း ဈေးဝယ်လာသူများနှင့် စည်ကားလျက်ရှိရာ ဈေးနှုန်းသက်သာမှု၊ ကုန်ပစ္စည်းအရည်အသွေး မှန်ကန်မှုတို့ကြောင့် ယခုကဲ့သို့ နေရာဒေသမျိုးစုံမှ ပြည်သူများ လာရောက်ဝယ်ယူနေကြခြင်းလည်း ဖြစ်သည်။

ဈေးရောင်းပွဲတော်ကွပ်ကဲရေးရုံးခန်းသို့သွားရောက်ကာ ဈေးရောင်းပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် ရန်ကုန်တိုင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းအား တွေ့ဆုံမေးမြန်းခဲ့သည်။

စိတ်တိုင်းကျဝယ်ယူနိုင်

ဦးကျော်ဝင်းက "စက်မှု(၁)ထုတ်ကုန်ပစ္စည်းတွေကို ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊ အရည်အသွေးမှန်နဲ့ ပြည်သူတွေလက်ဝယ်အရောက် ဖြန့်ဖြူးပေးချင်လို့ အခုလိုဈေးရောင်းပွဲတော်တွေ ပြုလုပ်ခြင်းဖြစ်ပါတယ်"ဟု ဖြေကြားသည်။ ဆက်လက်ပြီး ဆိုင်များ ခင်းကျင်းရောင်းချရမှုနှင့် ပတ်သက်၍လည်း **"ဆိုင်ခန်းကြီး ခြောက်ခန်း ဖွင့်လှစ် ရောင်းချနေပြီး ကုန်ပစ္စည်း အမျိုးအစားပေါင်း ၃၇၈ မျိုးကို အထူးသက်သာတဲ့ ဈေးနှုန်းတွေနဲ့ ရောင်းချနေတာပါ၊ ပြည်သူတွေအနေနဲ့ စိတ်တိုင်းကျ အကန့်အသတ် မရှိ ဝယ်ယူနိုင်ပါတယ်"**ဟု ဦးကျော်ဝင်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

အများသုံး ရောင်းရတာက ကြေရည်စိမ်မပစ္စည်းတွေပါ။
ဒေါ်လှိုင်လှိုင်ဝင်း (ဆိုင်တာဝန်ခံ)

ပြည်သူများလက်ဝယ်သို့ ပစ္စည်းမှန်၊ ဈေးမှန် တိုက်ရိုက်ရောင်းချခြင်းဖြစ်သဖြင့် ဝယ်သူများ အကြိုက်တွေ့လျက်ရှိရာ ဆိုင်ခန်းတိုင်း ဝယ်သူများဖြင့် စည်ကားနေသည်ကို တွေ့ရသည်။

ပစ္စည်း ၁၃၆မျိုး ရောင်းချပေး

ထို့နောက် ဆိုင်ခန်းများအနက်မှ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းသိမ်းရေး စက်မှုလုပ်ငန်းအရောင်းဆိုင်တွင် ရောင်းဝယ်နေမှုများကို ဧလာမိသည်။ ဖိနပ်အမျိုးမျိုး၊ ကြေရည်သုတ်ပစ္စည်းများ၊ ပလတ်စတစ် အသုံးအဆောင်ပစ္စည်းများ၊ ထီးအမျိုးမျိုး၊ စတီးအိမ်သုံးပစ္စည်းများ၊ (အမျိုးသား/အမျိုးသမီး)စီးစက်ဘီးများ၊ အပ်ချုပ်စက်များကို အရောင်းဝန်ထမ်းများက လက်မလည်အောင် ရောင်းချနေသည်မှာ အားရစရာကောင်းလှသည်။ ဈေးရောင်းချရမှု အနေအထားကို ဆိုင်တာဝန်ခံ ဒေါ်လှိုင်လှိုင်ဝင်းအား မေးမြန်းရာ **"အများသုံး ရောင်းရတာကတော့ ကြေရည်စိမ်မပစ္စည်းတွေပါ၊ ပန်းကန်တွေ၊ စတီးရည်သုတ် ပန်းကန်ပြားနဲ့ ဧလုံတွေ ရောင်းအားကောင်းတယ်။ နောက်ပြီး ကလေးစီးစက်ဘီးတွေလဲ ရောင်းကောင်းတယ်။ ဝယ်သူတွေက ညနေပိုင်းမှာ ပိုများတယ်။ ပစ္စည်းအမျိုးအစား ၁၃၆ မျိုး ရောင်းချပေးနေပါတယ်"** ဟု ရှင်းပြသည်။ အရောင်းဝန်ထမ်းတိုင်း အနာမနေရအောင် ရောင်းအားကောင်းသည့် ပစ္စည်းများ ပင်ဖြစ်သည်။

အဝယ်လိုက်ပြီးရောင်းအားကောင်း

ထို့နောက် မြန်မာ့ကြေထည်မြေထည် လုပ်ငန်း အရောင်းဆိုင်ဘက်သို့ ရောက်ရှိခဲ့ပြန်သည်။ ဤဆိုင်တွင်လည်း လူတွေကြိတ်ကြိတ်တိုးနေသည်။ အပြင်ဘက်မှ ရပ်ကြည့်၍မည်သည့်ပစ္စည်းများ ရောင်းချနေသည်ကို မမြင်ရ။ ဆိုင်အတွင်းဘက်ဝင်ကြည့်မှ ပန်းကန်မျိုးစုံ၊ ကြေပြားမျိုးစုံ၊ ကျောက်ပြားဆိုင်းစုံ၊ အိမ်တွင်းအလှဆင် ရုပ်တုလေးများ၊ ပန်းအိုးများနှင့် တယ်လီဖုန်းစင်တို့ကို တွေ့ရသည်။ ကျောက်များဖြင့် လက်ရာမြောက်အောင် ပြုလုပ်ထားသည့်ပစ္စည်းများကစိတ်ဝင်စားစရာကောင်းနေသည်။

ဈေးနှုန်းသက်သာတော့ရောက်အောင်လာပြီးဝယ်ဖြစ်ပါတယ်။
ဦးကြည်ဝင်း ဈေးဝယ်လာသူ

မြန်မာ့ ကြေထည်မြေထည် အရောင်းဆိုင်အတွင်း ခင်းကျင်းပြသထားသည့် ရောင်းချမည့် အလှပန်းအိုးများအား တွေ့ရစဉ်။

ပစ္စည်းများရောင်းချမှုနှင့် ပတ်သက်ပြီး ဆိုင်တာဝန်ခံ ဦးခင်မောင်တင့်အား မေးမြန်းရာ **"အဆင့်မြင့် ဗီးခံအုတ်တွေ၊ အင်္ဂတေပိုက်မျိုးစုံနဲ့ ခြံတိုင်တွေလဲ ရောင်းတယ်။ ဈေးနှုန်းက အရမ်းသက်သာပါတယ်။ စုစုပေါင်းပစ္စည်း ၇၃မျိုး ရောင်းနေပါတယ်။ ပစ္စည်းအားလုံး အဝယ်လိုက်ပြီး ရောင်းအားကောင်းပါတယ်"**ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။ဟင်းထည်ပန်းကန်တစ်လုံးမှာ ကျပ် ၁၂၀ သာရှိသဖြင့် ဈေးနှုန်းလေ့ချိုလှသည်။ သာယာဝတီပန်းကန်စက်နှင့် မော်လမြိုင်ပန်းကန်စက်တွေက ထုတ်သည့် ပစ္စည်းများလဲ အရောင်းသွက်နေသည်ကို တွေ့ရသည်။

ဈေးဝယ်သူတွေအကြိုက်ဖြစ်

တစ်ဖန် မြန်မာ့စားသောက်ကုန်လုပ်ငန်း အရောင်းဆိုင်ဘက် သွားရောက် လေ့လာခဲ့ပြန်သည်။ ရောင်းသူများက ဝယ်သူများ စိတ်တိုင်းကျအောင် ရှင်းပြရောင်းချနေသဖြင့် ဝယ်သူများ ပြိုးပြိုးရွင်ရွင် ဝယ်ယူနေကြသည်ကို တွေ့ရသည်။ ဆိုင်အတွင်းခံ့ စားသောက်ကုန်များ၊ မုန့်မျိုးစုံနှင့် ခေါက်ဆွဲခြောက်ထုပ်များ၊ ချောကလက်၊ သကြားလုံးနှင့် ဂလူးကိုစ် ထုပ်များကို တွေ့ရသည်။ ဆိုင်တာဝန်ခံ ဒေါ်ခင်နွယ်ဦးအား မေးမြန်းရာ **"ရောင်းအားအကောင်းဆုံးက ဆိတ်နို့မှုန့်နဲ့ ခေါက်ဆွဲ ထုပ်တွေပါ။ ဒီဆိုင်မှာ စုစုပေါင်းပစ္စည်း ၄၉မျိုး ရောင်းပေးနေပါတယ်။ အပြင် ဈေးနှုန်းတွေထက် အများကြီး သက်သာတော့ ဈေးဝယ်သူတွေအတွက် အကြိုက်ဖြစ်စရာတွေပါ"**ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ပစ္စည်းအားလုံး ရောင်းကောင်းပါတယ်။
ဦးခင်မောင်တင့်(ဆိုင်တာဝန်ခံ) မြန်မာ့ကြေထည်မြေထည် လုပ်ငန်းအရောင်းဆိုင်

ပြည်သူတွေလက်ထဲအရောက်ဖြန့်ဖြူး

နိုဝင်ဘော်ကလဲ ပြည်သူတွေ လက်ထဲ ဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းမွန်သော ပစ္စည်းများ ရောက်အောင် ဖြန့်ဖြူးနေခြင်းဖြစ်ရာ ထိရောက်မှုရှိသည့် ဆောင်ရွက်မှုပင်ဖြစ်သည်။ ထို့နောက် ဈေးဝယ်လာသူတစ်ဦးကို မေးမြန်းရာ **" နာမည်ကဦးကြည်ဝင်းပါ၊ ဗဟန်းကနေပြီး ဈေးလာဝယ်ခြင်း ဖြစ်ပါတယ်၊ ဧလာစာအုပ်နဲ့ အိမ်အသုံးအဆောင်ပစ္စည်းတွေ ဝယ်မှာပါ၊ ဈေးနှုန်းက သက်သာတော့ ရောက်အောင်လာပြီး ဝယ်ခြင်းဖြစ်ပါတယ်"**ဟု ဖြေကြားသွားသည်။

စက်မှု(၁)ဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကား နိုဝင်ဘာ ၂၂ရက်မှ ဒီဇင်ဘာ၁ရက်အထိ ခင်းကျင်းထားရာ ဈေးနှုန်းချိုသာပြီး အရည်အသွေးကောင်းမွန်သောပစ္စည်းများကို လက်မလွှတ်တမ်း သွားရောက်ဝယ်ယူသင့်ပါကြောင်းသတင်းကောင်းပါ၊ရပါသည်။ ။ **(မြန်မာ့အလင်း)**

ဆိုင်ခန်းကြီး ခြောက်ခန်း ဖွင့်လှစ် ရောင်းချနေပြီး ကုန်ပစ္စည်းအမျိုးအစား ပေါင်း ၃၇၈ မျိုးကို အထူးသက်သာတဲ့ ဈေးနှုန်းတွေနဲ့ ရောင်းချနေတာပါ၊ ပြည်သူတွေအနေနဲ့ စိတ်တိုင်းကျအကန့် အသတ်မရှိ ဝယ်ယူနိုင်ပါတယ်။

မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း အရောင်းဆိုင်၌ ခင်းကျင်းပြသထားသော အပ်ချုပ်စက်များ။

မြန်မာ့ကြေထည်မြေထည်အရောင်းဆိုင်အတွင်း ခင်းကျင်းပြသထားသည့် ပစ္စည်းများကို ဤသို့တွေ့ရသည်။

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ သွား၊ မျက်နှာ၊ မေးရိုးနှင့်ခံတွင်း လူနာများအား ထောက်ပံ့ငွေပေးအပ်

မန္တလေး နိုဝင်ဘာ ၂၃

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြိုးဝင်းနှင့်အဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၀ရက် ညနေ၃နာရီက မန္တလေးအထွေထွေရောဂါကုဆေးရုံ သွား၊ မျက်နှာ၊ မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုဌာနသို့ ရောက်ရှိကြသည်။

ထိုနေ့ကာ သွား၊ မျက်နှာ၊ မေးရိုးနှင့်ခံတွင်းခွဲစိတ်အထူးကု ဆရာဝန်ကြီး ဒေါက်တာဒေါ်နုနုရီနှင့်အဖွဲ့က ခွဲစိတ်ကုသပေးနေသော မွေးရာပါနှတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် အခြားချို့ယွင်းချက်ရှိသူ လူနာများကို မန္တလေးတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြိုးဝင်းနှင့်အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှု အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။**(အောက်ပုံ)**

ထောက်ပံ့ပေးအပ်

မန္တလေးတိုင်းအတွင်း မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများက မြို့နယ်အလိုက် ညွှန်းပို့လူနာ ၁၄၆ဦးအား လူနာတစ်ဦးလျှင် ငွေကျပ် ၅၀၀ဝဝဖြင့် စုစုပေါင်း ငွေကျပ် ၇၃ဝဝဝဝကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံမရိုမ ဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့ မြေ နစ်ဧက ဝယ်ယူ ရန်နှင့် သာသနိုက အဆောက်အအုံများ ဆောက် လုပ် ရန် အတွက် ကြည်ဖြင်တိုင်ဖြို့နယ် ဗား ကရာလမ်း အမှတ် (၅၉)ရေ ဦးခင်မောင် – ဒေါ်အိအို (စဉ်အနန်းစတို့) မိသားစုက အလှူငွေကျပ်သုံးသိန်းကို ရန်ကုန်တိုင်း စမ်းချောင်းဖြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော်အရှင်စန္ဒန(မောစရိယ) ပြည်တော်သာ ထဆက်ကပ်လှူဒါန်းစဉ်။ (က-၀)

ပြောင်းပြာရိုင်ပြန်/ဆက်ဦးစီးဌာနဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းဆင်း

ပြောင်းမြ နိုဝင်ဘာ ၁၀

ပြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၀၆) သင်တန်းဆင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂ရက်က အဆိုပါရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်း

အခမ်းအနားတွင် ဧရာဝတီတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေးက သင်တန်းဆင်းအမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိဦးမောင်မောင်မြင့်က သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားခေါင်းဆောင်အား ပေးအပ်သည်။

ဂုဏ်ပြု

ထိုနေ့ကာ သင်တန်းတွင် ပထမဆုရ ဒေါ်ရည်မွန်ဆွေ(အင်ယတန်းစာရေးမြောင်းမြ) **(အောက်ပုံ)**နှင့် ဒုတိယဆုရ ဒေါ်ယဉ်မြတ်ထွန်း (လုပ်သားရုပ်သံ၊ မြောင်းမြ)တတိယဆုရ ဦးသန်းအောင်(ဓာတ်ပုံ-၂၊အိမ်မဲ)တို့အား လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေးက ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုကို လည်းကောင်း၊ သင်တန်းတွင် ပုံပိုးကူညီကြသော အလှူရှင်များအား ဖြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယဝန်းကျင်သူက ဂုဏ်ပြုလက်မှတ်များကို လည်းကောင်း ပေးအပ်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းဖြို့တွင် တည်ဆောက်ဝျက်ရိုက်သော အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ဝိပဿနာ စေတီတော်ကြီးအတွက် အလှူရှင် ဒေါ်ခင်ထားမူနှင့် ဒေါ်လဲ့လဲ့သိန်း (စာရင်းစစ်ချုပ်ရုံး) တို့က အလှူငွေ ကျပ်တစ်သိန်း လှူဒါန်းရာ မမွေတေါ်ရိပ်သာ တာဝန်ရှိသူများက ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။(က-၀)

ဓော်လမြိုင်ကျန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနကြီးမှူး ကျန်းမာရေးအသိပညာပေးနှင့် ရှေးဦးပြုစုခြင်းသင်တန်းဖွင့်

ဓော်လမြိုင်ကျန်း နိုဝင်ဘာ ၂၄

ဓော်လမြိုင်ကျန်းမြို့နယ် ကျန်းမာရေးဦးစီးဌာန ကြီးမှူးဖွင့်လှစ်သော ကျန်းမာရေးအသိပညာပေးနှင့် ရှေးဦးပြုစုခြင်းသင်တန်းအမှတ်စဉ်(၁/၂၀၀၆) သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂၁ ရက်နံနက်ဂုနာရီက ဓော်လမြိုင်ကျန်းမြို့ ပြည်သူ့ဆေးရုံ ကျန်းမာရေး စောင့်ရှောက်မှုသင်တန်းနန်းမcurrှင်းပသည်။

သင်ကြားပို့ချ

ဖွင့်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာခိုင်မြတ်မင်းတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး အဆင့်(၁)ဦးမင်းလွင်က သင်ကြားပို့ချ မည့် သင်တန်း ဘာသာရပ်များကို ရှင်းလင်းတင်ပြသည်။

တစ်ပတ်ကြာ

အဆိုပါသင်တန်းသို့ မြို့မရပ်ကွက် ၁၃ရပ်ကွက်မှ သင်တန်းသား၊ သင်တန်းသားဂုဏ်ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ တစ်ပတ်ကြာမြင့် မည်ဖြစ်သည်။ အလားတူ သင်တန်းများကို မြို့ပေါ်ရှိ စက်ရုံ၊ အလုပ်ရုံများနှင့် ကျေးရွာဒေသ ရှစ်နေ့ရောတို့တွင် ဆက်လက်ဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **(ဝဂ္ဂ)**

ဝမ်းတွင်းဖြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခြောက်ခန်းတွဲနန်ထမ်းအိမ်ရာ ဆောက်လုပ်ပြီးစီးမှုကို နိုဝင်ဘာ ၅ရက်က အမှုဆောင်အရာရှိ ဦးစောထွန်းစိန်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးစဉ်။ (ဖြို့နယ်စည်ပင်)

ကျောင်းပြာရိုင်ပြန်/ဆက်ဦးစီးဌာနကြီးမှူး ကြည့်ရှုပြီးနောက် ရေကန်ကြီးပြုပြင်ခြင်းလုပ်ငန်းကို ရပ်ဆိုင်းခိုင်းရန် ညွှန်ကြားခဲ့

ကျောင်းပြာ နိုဝင်ဘာ ၁

ကျောင်းပြာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ စာကြည့်တိုက်ပညာဆင့်မှားသင်တန်းအမှတ်စဉ် (၂/၂၀၀၆)နှင့် အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၂၅ရက် နံနက်ဂုနာရီက မြို့နယ်ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ရပ်ကွက်၊ ကျေးရွာများမှ သင်တန်းတွင် ထူးချွန်ဆုရသူများအား ဆုများချီးမြှင့်ရာ ပထမဆုရ ပြည်ထောင်စုကြီးခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ဦးမောင်ထွေး၊ ဒုတိယဆုရ ပါလျှ၊ ၁ရပ်ကွက်မှ မောင်ရန်လင်းအောင်နှင့် တတိယဆုရ ပုန်းထွန်ရပ်ကွက်မှ မောင်မျိုးမင်းအောင်တို့အားဆုများချီးမြှင့်ပေးသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းတွင် ထူးချွန်ဆုရဝန်ထမ်းများအား ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုးက ဆုများပေးအပ်ချီးမြှင့်သည်။

ထိုနေ့ကာ ခရိုင်ဦးစီးအရာရှိ ဦးမောင်ကြည်က သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားခေါင်းဆောင်ဦးသန်းဇော်ဦးအား ပေးအပ်သည်။ **(ခရိုင် ပြန်/ဆက်)**

ကျောင်းမဲ ဖြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန် ထမ်း များ ဆောင်ရွက်သော ကျွဲကုန်း – ပုံပိုးလမ်းကျောက်ချောခင်းခြင်း လုပ်ငန်းကို နိုဝင်ဘာ ၁၂ ရက် က အ မှု ဆောင် အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးသက်ထွန်းနှင့်အင်ဂျင်နီယာမှူး ဦးနိုင်လင်းမောင်တို့ ကွင်းဆင်းစစ်ဆေးကြပ်မတ်စဉ်။

(ဖြို့နယ်စည်ပင်)

ဟံသာဝတီခရိုင် ပြန်/ဆက်ဦးစီးဌာနကြီးမှူး စာကြည့်တိုက်ပညာနှင့် ကွန်ပျူတာသင်တန်းဆင်း

ဟံသာဝတီ နိုဝင်ဘာ ၈

ဟံသာဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ စာကြည့်တိုက်ပညာဆင့်မှားသင်တန်းအမှတ်စဉ် (၂/၂၀၀၆)နှင့် အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၂၅ရက် နံနက်ဂုနာရီက ဖြို့နယ်ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ရပ်ကွက်၊ ကျေးရွာများမှ သင်တန်းတွင် ထူးချွန်ဆုရသူများအား ဆုများချီးမြှင့်ရာ ပထမဆုရ ပြည်ထောင်စုကြီးခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ဦးမောင်ထွေး၊ ဒုတိယဆုရ ပါလျှ၊ ၁ရပ်ကွက်မှ မောင်ရန်လင်းအောင်နှင့် တတိယဆုရ ပုန်းထွန်ရပ်ကွက်မှ မောင်မျိုးမင်းအောင်တို့အားဆုများချီးမြှင့်ပေးသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းတွင် ထူးချွန်ဆုရဝန်ထမ်းများအား ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုးက ဆုများပေးအပ်ချီးမြှင့်သည်။

ထိုနေ့ကာ ခရိုင်ဦးစီးအရာရှိ ဦးမောင်ကြည်က သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားခေါင်းဆောင်ဦးသန်းဇော်ဦးအား ပေးအပ်သည်။ **(ခရိုင် ပြန်/ဆက်)**

အင်ဗူကြီခိုင်ဖွံ့ဖြိုးရေးအသင်းလှူဒါန်းသော လက်နှိပ်တုံကာအဝီစိတွင်းမှင့်ပွဲကျင်းပ

အင်ဗူ နိုဝင်ဘာ ၁၂

အင်ဗူဖြို့နယ် ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းသည့် ကျောင်းရေရှိရေးလက်နှိပ်တုံကာ အဝီစိတွင်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာဂုရက် နံနက် ၉နာရီက အင်ဗူဖြို့နယ် သပြေပင်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမောင်မောင်၊ ဖဲလီကုန်းမှ ဆရာကြီး ဦးကျော်မြင့်နှင့် ကျောင်းအကျိုး တော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးသောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(၁၃၁)**

ဖြန်မာ့အသံ နားဆင်စရာ

၁၃၆ရေနှစ် နတ်တော်လဆန်း ၁၀ရက် ၂၉-၁၁-၂၀၀၆ (ဂုဒ္ဓဟူးနေ့)

နံနက်ပိုင်း

ဂ:၀၀ တရားတော် (မင်းကွန်း ဆရာတော်ကြီး၏ အာရုဓနာဝိယသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (တောင်ဘုံစက်မှုစုနှစ်၏ သဘာဝသကြားအခြေခံအရိုရှည်ထုတ်လုပ်မှုအကြောင်း)

၁၁:၃၀ သောတရှင်အတွက်ပြန်ကြားချက်

၁:၀၀ ယဉ်ကျေးမှုအနုပညာ (ထားဝယ်ဒေသမှ ပျူရိုင်င်း၏ မြို့ဟောင်းများ) ဒေါက်တာဦးဖေဘထ်

၂:၂၅ သူ့အတွေးနှင့် သူ့အရေး ပေါင်းသင်းဆက်ဆံရေးပညာ (အတ္တကျော်)

၃:၃၅ သီချင်းကြီးပဒေသာ
(၁) ဇမ္ဗူရောင်ကျွန်(ဘွဲ့) (တက္ကသိုလ်လသီန်းထွန်း)
(၂) ဆီးနင်းပြိုက်ကျကြိုး(စိမ်မဲ)
(၃) ဇမ္ဗူကျွန်းလုံး(သီချင်းခန့်) (ခင်ခင်ငြိမ်း)

ညနေပိုင်း

၅:၂၀ စံစားနားဆင်မြန်မာတေးသံစဉ်
(၁) မေတ္တာနုနေလိုသူ(ထား)
(၂) ချစ်ရသည်ကအသက်ထက်ဆုံး (ကိုသန်းလှိုင်)
(၃) ဓောင့်အချစ်မြား (စိုးစန္ဒာထွန်း)

၅:၃၀ ခံတွင်းမြိန်စရာသူ.လက်ရာ (ကော်ရည်ခေါက်ဆွဲ)

၅:၄၅ သူ.လက်သံ (မကွေးဖြို့ ရွှေမန်တစ်၏ ဆိုင်းလက်သံ)

၅:၅၀ စာအုပ်စာပေလူ.ဖတ်ဆွေ
(၁) ဥာဏ်ပွင့်စေသောအတွေးများ (ကောင်းသန့်)
(၂) အရိုင်းစပယ်ဝတ္ထု (အောင်လင်း)

၆:၁၅ သီချင်းကြီးတူရိယာအဖွဲ့ (စိုးအမြန်–သီချင်းကြီးတူရိယာအဖွဲ့)

၂:၀၀ မေတ္တာလက်ဆောင်ရတေးစီးရီး (Iron Cross တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင် ပေးပို့သည့် လေးဖြူ၏ "ဓကလေးများ" တေးစီးရီး)

အိန္ဒိယ နိုင်ငံ မဏ္ဍိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်တက် တိုးချဲ့ မြေနစ်ဧက ၀၆ယူ ရန်နှင့် သာသနိက အဆောက်အအုံများ ဆောက် လုပ် ရန် အတွက် ဓင်မွန်ဦးလှ မြင့်အား ရည်စူး၍ ရန်ကုန်မြို့ သယံနီး ကျွန်မြို့နယ် သုဝဏ္ဏ (၂၉) ရပ်ကွက် ၆၆ အောင်လမ်းသွယ် အမှတ် ၁၂၃ နေ ဒေါ်ခင်စန်းရီနှင့် သားသမီး၊ မြေးတစ်စုတို့က အလှူငွေကျပ် နှစ်သိန်းကို ရန်ကုန်တိုင်း စစ်ချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (၇မုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာ ကျောင်း အမှုဆောင်ဆရာတော် အရှင်ဝိမလ(ကျောက်ဆည်)ထံ ဆက်သပ်လှူဒါန်းစဉ်။ (က-၀)

ပီးဘေးလုံခြုံရေး လက်တွေ့သရုပ်ပြ

ဖလမ်း နိုဝင်ဘာ ၂၃

ချင်းပြည်နယ် ဖလမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ ဦးဆောင်မှုဖြင့် မီးဘေး လုံခြုံရေး လက်တွေ့သရုပ်ပြ ဓာတ်တိုက် လေ့ကျင့်မှုကို နိုဝင်ဘာ ၁၈ ရက် နံနက် ၈ နာရီက ဖလမ်းမြို့ အားကစား ကွင်း၌ ကျင်းပသည်။

အဆိုပါ မီးဘေးလုံခြုံရေး သရုပ်ပြ ဓာတ်တိုက် လေ့ကျင့်ပွဲသို့ မြို့နယ် ဥက္ကဋ္ဌ ဦးဓော်ဝင်းဌေး၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် တစ်စီးဖြင့် မီးငြိမ်းသတ်မှုများကို သရုပ်ပြ ဓာတ်တိုက် လေ့ကျင့်ကြသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန်မြို့ အမှတ် ၁၂၉ ၂၄လမ်း ဗိုလ်ချုပ်ဈေး စိန်ရွှေဖူးရတနာ ရွှေဆိုင် (ဦးလှဝင်းနိုင်)–ဒေါ်တင်တင်နိုင်၊ သမီး မခင်ဝင်းနိုင်၊ မမေခင်မိုး၊ မမြတ်လေးနိုင်၊ သား မောင်သန့်ခင်အောင် (ဗုဒ္ဓ–၇၃)စေတီ အလှူရှင်မိသားစုတို့က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက် မြန်အောင် သမ္မဒ္ဓေစေတီရံများ နှစ်စဉ်ရွေသက်နံ့ကပ်လှူနိုင်ရန် ရာသက်ပန်ရွေသက်နံ့ ထာဝရပေးသာပင်အတွက် ငွေကျပ်တစ်သိန်း လှူဒါန်းရာ သာသနာပြု ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ မြန်လည်ချီးမြှင့်တော်မူစဉ်။ (က-၀)

ဗျာပုံမြို့ ရွာမကျောင်း မီးကုတ်တရားစခန်းပွဲ

ဗျာပုံ နိုဝင်ဘာ ၂၇

ဧရာဝတီတိုင်း ဗျာပုံမြို့ ပထမလမ်း ရွာမကျောင်းတိုက်အတွင်း၌ ဘုရား၊ သံမဏိ၊ ကျောင်း၊ ရဟန်းဒါယကာကြီး ဦးပေါ်တရားကိုရည်စူး၍ ဒေါ်ကြင်နှင့် မိသားစုတို့က ကျေးဇူးဆပ်တရားစခန်းပွဲကို ၁၃၆၈ ခု နှတ်တော်လပြည့်ကျော် ၁၃ ရက်မှ ပြာသိုလဆန်း ၅ ရက် (ဒီဇင်ဘာ ၁၇ ရက်မှ၂၃ရက်အထိ) ကျင်းပမည်ဖြစ်သည်။ ယင်းကျေးဇူးဆပ်ပွဲတွင် ရန်ကုန်မြို့ ကမ္ဘာ့နာဂစရိယ ဆရာတော်အရှင်သုမနာစာရက ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ မီးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓဘဉာဏ်ရောက် တရားတော်ကို ဟောကြားမည်ဖြစ်ပြီး စခန်းဝင်လိုသူများ နတ်တော်လဆန်း ၁ ရက်တွင် စာရင်းပေးပြီးစခန်းပွဲအတွင်း နံနက် ၇ နာရီနှင့် ည ၇နာရီ တို့တွင် တရားနာယူနိုင်ကြောင်းနှင့် ညအထူးတရားပွဲကို ရတနာသိဒ္ဓိဖိမာန်တော်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-၀)**

သုံးခွမြို့နယ်၌ စာပေညီလာခံ အတွေ့အကြုံရှင်း စာကြည့်တိုက်များသို့ စာအုပ်၊စာစောင်များလှူဒါန်း

သုံးခွ နိုဝင်ဘာ ၇

စတုတ္ထအကြိမ် စာပေညီလာခံ အတွေ့အကြုံရှင်းလင်းပွဲကို နိုဝင်ဘာ ၃ရက်နံနက်၉နာရီက သုံးခွမြို့နယ် ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေး ဦးစီးဌာနခန်းမဆောင်တွင် ကျင်းပရာ သဘာပတိအဖြစ် မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဆိုက်ကျင် (မြို့မ) (ဆိုက်ကျင်–သတင်းထောက်) ကဆောင်ရွက်၍ အမှာစကားပြောကြားကာ ညီလာခံအတွေ့အကြုံများကို အကျယ်တဝင့် ရှင်းလင်းတင်ပြပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့အတွင်းရေးမှူး ဦးဟန်စိန်က ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ အမှာစကားကို ဖတ်ကြားသည်။

အခမ်းအနားတွင် ၁၃၆စခုနှစ် စာဆိုတော်နေ့ ကျင်းပရေး ကြိုတင်ညှိနှိုင်းမှုပြုလုပ်ကြပြီး မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဆိုက်ကျင် (မြို့မ)(ဆိုက်ကျင်–သတင်းထောက်)က စာကြည့်တိုက်များသို့ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်၊ စာအုပ်မျိုးစုံကို သုံးခွမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးညွန့်ရွှေထံ ပေးအပ်သည်။ **(အပေါ်ပုံ) (၁၃၇)**

စုပေါင်းဘုံကထိန်ပွဲ သံတွဲမြို့၌ကျင်းပ

သံတွဲ နိုဝင်ဘာ ၈

သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ (၂၉)ကြိမ်မြောက် အမှတမ်းပေါင်းခုနှင့် ရုပေါင်း၁ဘုံကထိန်အလှူတော်မင်္ဂလာပွဲကို နိုဝင်ဘာ ၄ ရက် နံနက်က သံတွဲမြို့ ဒွါရတီမြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပရိသတ်များက သံတွဲမြို့နယ် မြရတနာကျောင်းတိုက် ပဓာနနာယက မြို့နယ်သံဃနာယက ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓေ ဘဒ္ဒန္တ ပိမလ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များထံမှ ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင်နှင့် မိသားစုက ကထိန်လျှာသက်နံ့းကို သံတွဲမြို့နယ် မော်ရှည်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ပညာဝံသအား ဆက်သပ်လှူဒါန်းပြီး သံဃာတော်အရှင်မြတ်များအား ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖ အလှူရှင်များက ကထိန်သက်နံ့းနှင့် လူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကြသည်။

လှူဒါန်းမှုအစုစုမှာ ပဒေသာပင် ၅၉ ပင်အပါအဝင် စုစုပေါင်းတန်ဖိုးငွေ ကျပ် ၁၃၈ သိန်း ကိုးသောင်းကျော်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မိုးမိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆–၂၀၀၇ခု ဘဏ္ဍာရေးနှစ် အတွင်းဆောင်ရွက်သော ညောင်ပင်စောက် လယ်ကြီးတံတားတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်မှုကို နိုဝင်ဘာ ၁၇ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ထွေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြတ်ကောင်းတို့ ကြီးကြပ် ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင် ရွက် သော ကည္ဌတ်ကွင်း–မိသားလင် ကျောက်ချောလမ်း ပြင်ဆင်ခြင်း လုပ်ငန်းကို နိုဝင်ဘာ ၁၅ရက်က ပဲခူးတိုင်း စည်ပင် သာယာရေး အဖွဲ့ဒုတိယဥက္ကဋ္ဌကြီး ရေးမှူး ဦးအောင်မင်းနိုင် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပန်းတောင်းတန်းမှ ကားပျက်ကွက်

ကျိုင်းတုံ မြို့တွင်း လမ်းများ ကောင်းမွန်စေ ရေး အ တွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ကျိုင်းဝမ်း (၂) လမ်း ကတ္တရာလမ်းခင်းမှုကို အောက်တိုဘာ ၁၇ရက်က အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အငယ်တန်းအင် ဂျင် နီ ယာ (၂) ဦးရဲဆေါင်တို့ ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လောင်စာတွေ့ကိုရှင်း မီးဘေးအန္တရာယ်ကင်း

မိတ္ထီလာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာဆိုတော်နေ့ဟောပြောပွဲကျင်းပရေး စည်းဝေး

မိတ္ထီလာ နိုဝင်ဘာ ၁၆

မိတ္ထီလာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ၁၃၆၈ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် အကြိုညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၂ ရက် နံနက် ၁၀နာရီက မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအဆောက်အအုံရှိ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မိတ္ထီလာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဘထိန်(ထီလာ–ဖိုးဘထိန်)၊ အတွင်းရေးမှူး ဦးချစ်သန်း (ရွှေလှမော်–မိတ္ထီလာ)၊ ဘဏ္ဍာရေးမှူးဦးမြင့်သိန်း (မောင်သာလင်း)ဦးတင်လှိုင်(တင်လှိုင်–မိတ္ထီလာ)၊ မြို့နယ်သတင်းထောက်ဦးကျော်ကျော်မြင့်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဘထိန်(ထီလာ–ဖိုးဘထိန်)က အမှာစကား ပြောကြားပြီး ဦးတင်လှိုင် (တင်လှိုင်–မိတ္ထီလာ)က မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့မှပေးပို့သော ညွှန်ကြားလွှာကို ဖတ်ကြားရင်းလင်းသည်။ ဆက်လက်၍ စာဆိုတော်နေ့ အထိမ်းအမှတ် ဟောပြောပွဲ အတွက် ဆပ်ကော်မတီများ ဖွဲ့စည်းပြီး ဟောပြောပွဲကို ဒီဇင်ဘာတတိယပတ်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(၃၅၈)**

ဆွမ်းပဒေသာပင်လှူ

စစ်ချောင်းမြို့နယ် မြေနီကုန်း မြေဂက်ရပ်ကွက် ဆွမ်းဆန်စိမ်းလောင်းလှူရေးအဖွဲ့က ဗဟန်းမြို့နယ် ခီဝိတဒါန နဲ့ သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင် အလှူငွေကျပ် လေးသိန်း ငါးထောင် ခြောက်ရာခြောက်ဆယ် လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်က လက်ခံယူစဉ်။ (က-၀)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး ဆက်လက်ကျင်းပ ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများကအကြံပြုချက်စာတမ်းများပတ်ကြားတင်ပြ



ရန်ကုန် နိုဝင်ဘာ ၂၇

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီက ရန်ကုန်တိုင်း မော်ဘီဖြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း တို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သော နိုင်ငံရေးပါတီများက အကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

တက်ရောက်

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲ မှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပဒေသိုင်းအမျိုးသား အဖွဲ့ချုပ်၊ ရှမ်းပြည် ကိုးကန့် ဒီမိုကရက်တစ်ပါတီ၊ မြို(ဂေါ)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို (ဂေါ)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ **စာမျက်နှာ ၄ ကော်လံ ၁** ●

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မော်ဘီဖြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

ဒေတ်မီပွံ့ ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းလာရေး မိမိနိုင်ငံ မိမိတည်ဆောက်နေချိန် ဝိဇ္ဇာသိပ္ပံနှင့် နည်းပညာစွမ်းအားများ ပြည့်ဝခိုင်မာရေး ပညာရှင်များပေါ်ထွန်းလာရန် မွေးထုတ် မိဘပြည်သူများ အတွေးအမြင်၊ အသိပညာပြည့်စုံကြွယ်ဝအောင် ပညာရေးဖြင့် ရှေ့ဆောင်မှုပေး

ရန်ကုန် နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့ မွန်းလွဲနာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ကျင်းပသည့် အခြေခံပညာဆရာ ဆရာမများအထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆၀) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စစ်ဥပဒေချုပ်၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသားသင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အနေဖြင့် ဆရာ ဆရာမများအပါအဝင် မိမိနိုင်ငံသူ နိုင်ငံသားများ၏ စွမ်းအားနှင့် နိုင်ငံတော်သစ်ကြီးကို **စာမျက်နှာ ၅ ကော်လံ ၁** ✻

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆၀)မှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)